# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၁၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး Controller အသုံးပြု၍ ကွန်ကရစ်လောင်းတံတားဆက်ခြင်းအား ဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနား ပြုလုပ်မည့်နေရာသို့

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတား ကွန်ကရစ်သွန်းလောင်း ဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ ရွှေဖုံးမှ

ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ – ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်သည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြစဉ်။

### အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ မင်္ဂလာအချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ – ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး Controller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းကို ဆောင်ရွက်ပေးသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်း တံတားဆက်ထားသည့် နေရာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ – ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

### တည်ဆောက်ပြီးစီးမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ – ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး စီမံကိန်း ၁ ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများ စတင်နိုင်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တံတားတည်ဆောက်စဉ် ကာလအတွင်း ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားခြင်းနှင့် နှောင့်နှေးတွေ့ကြုံခဲ့ရသည့် လုပ်ငန်းအခက်အခဲများကို လက်ရှိအစိုးရအနေဖြင့်

*စာမျက်နှာ ၉ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းတွင်ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော် တာဝန်ယူထားသည့် အချိန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးရန် နိုင်ငံတော်ဘဏ္ဍာငွေ ဖြည့်တင်းဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားမှာ သံမဏိကြိုးဆိုင်း တံတား Cable-Stayed Bridge အမျိုးအစားဖြစ်ပြီး လေးလမ်းသွား တံတားဖြစ်ကြောင်း၊ ပင်မတံတားအရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက် ချဉ်းကပ်တံတားအရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်း ချဉ်းကပ်တံတားအရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်း ချဉ်းကပ်လမ်းအရှည်မှာ ၃၄၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်းအရှည်မှာ ၆၁၂၇ ပေဖြစ်ကြောင်း။

**အထင်ကရ ပြယုဂ်တစ်ခုလည်း ဖြစ်လာမည်**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားသည် မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိကြိုးဆိုင်း တံတားများအနက် ရေလမ်းကင်းလွတ်အမြင့်ဆုံးတံတားဖြစ်ပြီး တံတားအောက်မှတန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းရေကြောင်းသွားသင်္ဘောကြီးများ ဖြတ်သန်းအသုံးပြုနိုင်ရန် တံတားကင်းလွတ်အမြင့်ပေ ၁၆၀၊ အကျယ်ပေ ၉၉၀ ရှိကြောင်း၊ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်း တံတားဆိုင်ရာ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ နည်းစနစ်များနှင့် အတွေ့အကြုံများကို ရရှိခဲ့ကြောင်း၊ ယခုတံတားကြီး အချောသပ် တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့လည်းကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့လည်းကောင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားစေမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark)တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်နေသည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။



**“ယခုတံတားကြီး အချောသပ်တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့လည်းကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့လည်းကောင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်”**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ထားသည့်နေရာအား အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့သည် ကြီးကြပ်သူ ဆရာ ဆရာမများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လာရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက “ရှင်သန်နေမည် MRTV” တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကို ပြသသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်းရှိ News Channel Studio တွင် သတင်းထုတ်လွှင့်မှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်ပြီး 5.1 Sorround Sound System အခန်းတွင် ဝန်ထမ်းအဆိုရှင်များ၏ သီချင်းတိုက်လေ့ကျင့်နေမှုများကို အားပေးကြည့်ရှုကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့်အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများအပေါ် သိရှိလိုသည်များအား မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြီး ပြတိုက်အတွင်း မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ကျောင်းသား ကျောင်းသူများ၏ ဖြည့်စွက်မှုများကိုစိစစ်၍ ပြည့်စုံစွာဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) ၌ အဆောက်အအုံများ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

- မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) အား ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြုအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်
- အိမ်ရာအတွင်းရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများ မရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လို

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)သို့ သွားရောက်၍ အဆောက်အအုံများ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာဝင်းအတွင်း အသုံးပြုနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး Solar Plant တည်ဆောက်သွားမည့်အခြေအနေများ၊ ထပ်မံတိုးချဲ့ ဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများအား သတ်မှတ်ချိန်အတွင်း ပြီးစီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အိမ်ရာအတွင်းရှိ ရေမြောင်းများအား အုတ်စီရေမြောင်းများအဖြစ် ပြုပြင်ဆောင်ရွက်ပြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အား ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြုအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အိမ်ရာအတွင်းရေမြောင်းများအား ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများ မရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာဝင်းအတွင်းရှိ လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားရန်လိုကြောင်း၊ အိမ်ရာအတွက် လိုအပ်သည့် စာသင်ကျောင်းနှင့် ရေ၊ မီး လိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အိမ်ရာအတွင်းနေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏ စားရေးကို အထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အရိပ်ရလေကာပင်များကိုလည်း စနစ်တကျ ဆက်လက်စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ကမာရွတ်မြို့နယ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေးဝဲယာရှိ ဈေးဆိုင်များ စနစ်တကျဖြင့် ရောင်းချနိုင်ရေး သတ်မှတ်စည်းကမ်းများနှင့်အညီ ကြပ်မတ် ဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာများ ကောင်းမွန်စေရေးနှင့် ရေထုတ်စနစ်များ ကောင်းမွန်စေရေးဆောင်ရွက်သွားရန်၊ Green Zone များအား စနစ်တကျဖော်ဆောင်သွားရန်နှင့် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးဆောင်ရွက်သွားရန်၊ အဆောက်အအုံများအား သန့်ရှင်းသပ်ရပ်တောက်ပြောင်မှု ရှိနေစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြော

**ကျိုင်းတုံ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ကျိုင်းတုံ)၊ ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ကျိုင်းတုံ) ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထွန်းဦး၊ ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လေးနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) ညွှန်ကြားချက်များ၊ မီးဘေးလုံခြုံရေးဆိုင်ရာ စသည့်အကြောင်းအရာများကို ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းရှင်များနှင့် စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**

(ပြန်/ဆက်)

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# NCA ငြိမ်းချမ်းရေး အနိမ့်အမြင့် အတက်အကျနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တဲ့ (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။

ဇာနည်ဘွား

မင်္ဂလာရှိတဲ့ သမိုင်းဝင် နေ့ထူးနေ့မြတ်အခါသမယမှာ NCA ရဲ့ ပကတိအနှစ်သာရနဲ့ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို မြန်မာပြည်သူတွေနဲ့ မျိုးဆက်သစ်လူငယ်မောင်မယ်တွေ ပိုမိုသဘောပေါက်သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ NCA စာချုပ်နဲ့ပတ်သက်လို့ ပြန်ပြောင်းတင်ပြချင်ပါတယ်။

**“NCA စာချုပ်မှာ မူလက ကိုယ်တိုင်ပါဝင်ရေးဆွဲ သဘောတူညီခဲ့ပြီး လက်မှတ်ရေးထိုးချိန်ရောက်မှ အကြောင်းအမျိုးမျိုးပြ လက်မှတ်မရေးထိုးခဲ့သော EAO တွေနဲ့ NCA မှာ လက်မှတ်ရေးထိုးခဲ့ပြီးမှ ထားရှိခဲ့တဲ့ ကတိကဝတ်တွေကို ဖောက်ဖျက်နေတဲ့ တချို့သော EAO တွေအနေနဲ့ NCA အပါအဝင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ရဲ့ အကျိုးစီးပွားအတွက် နိုင်ငံရေးအမြတ်ထုတ်ရမယ့် နိုင်ငံရေးကစားကွင်းမဟုတ်ဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားများ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသ၊ ပဋိပက္ခသင့်ဒေသနဲ့ဆက်စပ်တဲ့နေရာက ဒေသခံပြည်သူတွေရဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်”**

ကနဦးတင်ပြရရင် NCA စာချုပ်ဆိုတာ ဘာလဲ။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ဆိုတာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းသက်သေများရှေ့မှောက်မှာ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ်အတည်ပြုပေးခဲ့တဲ့ သမိုင်းဝင်စာချုပ်တစ်ခု ဖြစ်ပါတယ်။

NCA ဘယ်လိုပေါ်ပေါက်လာသလဲ။

၂၀၁၀–၂၀၁၅ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလမှာ သမ္မတ ဦးသိန်းစိန် ဦးဆောင်တဲ့အစိုးရသစ်ဟာ **“ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီစနစ် မထွန်းကားနိုင်၊ ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမဖြစ်နိုင်”**ဆိုတဲ့ အတွေးအခေါ် အယူအဆကိုအခြေခံပြီး ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ကထုတ်ပြန်ကြေညာချက်ဖြစ်တဲ့ **“နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံအတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးလိုအပ်သည်ဟု ယုံကြည်ပါသည်။**

**လက်နက်ကိုင် ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။**

**ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်း ဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်”**ဆိုတဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်က အစပြုခဲ့တယ်လို့ဆိုရမှာဖြစ်တယ်။

ထိုစဉ်က နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်အပေါ် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နဲ့ ကယန်းပြည်သူ့ပါတီ(KNPP) စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ငြိမ်းချမ်းရေးဆွေးနွေးဖို့ စတင်ကမ်းလှမ်းလာခဲ့ကြပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော်နိုင်ဖို့ ဘယ်လိုဆောင်ရွက်ခဲ့သလဲ။

သမ္မတ ဦးသိန်းစိန်အစိုးရအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းများစတင်နိုင်ဖို့အတွက် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှာ ထိုစဉ်က ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်တဲ့ **“ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့”**ကို ဖွဲ့စည်းပေးခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ထာဝရငြိမ်းချမ်းရေးအတွက် ပထမအဆင့်မှာ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်း၊ ဒုတိယအဆင့်မှာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးခြင်း၊ တတိယအဆင့်မှာ လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဆိုတဲ့ နိုင်ငံတော်ရဲ့ လမ်းပြမြေပုံ(Road Map)ကို ချမှတ်ခဲ့ပါတယ်။

ဆက်လက်ပြီး ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒုတိယသမ္မတဦးဆောင်တဲ့ အဖွဲ့ဝင် ၅၂ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UWPC)တို့ကို ဖွဲ့စည်းပြီး ၂၀၁၃ ခုနှစ် ဇူလိုင် ၅ ရက်နေ့မှာ UWPC ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)ကို ဖွဲ့စည်းခဲ့ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်ကလည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးနောက် နိုင်ငံတော်အစိုးရနဲ့ငြိမ်းချမ်းရေးဆွေးနွေးဖို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ ကချင်ပြည်နယ် လိုင်ဇာမှာပြုလုပ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများညီလာခံကနေ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)ကို အဖွဲ့ဝင် ၁၃ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်မှ ၉ ရက်အထိ ကျင်းပတဲ့ လော်ခီးလာညီလာခံက အဖွဲ့ဝင် ၁၅ဦးပါ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)ကို ဖွဲ့စည်းခဲ့ကြပါတယ်။

UPWC မှ ကိုယ်စားလှယ်တွေနဲ့ NCCT မှ ကိုယ်စားလှယ်တွေဟာ ၂၀၁၄ ခုနှစ် မတ်လ ၉ ရက်မှ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အတည်ပြုမူကြမ်းရရှိရေး တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြသလို UPWC နဲ့ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)တို့ကလည်း ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်နေ့အထိတစ်ကြိမ်၊ ဩဂုတ်လ ၆ ရက်မှ ၇ရက်နေ့အထိ တစ်ကြိမ် ထပ်မံတွေ့ဆုံပြီး အခန်း(၇)ခန်း၊ အပိုဒ် ၃၃ ပိုဒ်ပါ သဘောတူ စာချုပ် (မူကြမ်း)ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှာအချောသပ်အတည်ပြုခဲ့ပါတယ်။ ပါဝင်ရေးဆွဲသူအားလုံး သဘောတူညီမှုရရှိခဲ့ပြီးနောက်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာတော့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ဖြစ်တဲ့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့ဟာ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းသက်သေများ ရှေ့မှောက်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ သမိုင်းဝင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွန်ပြည်သစ်ပါတီ(NMSP)နဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDC)တို့ကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြတဲ့အတွက် NCA မှာ လက်မှတ်ရေးထိုးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၁၀ ဖွဲ့အထိ ရှိလာခဲ့ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုနိုင်ဖို့ ဘယ်လောက်အထိကြိုးပမ်းခဲ့ရသလဲ။

သမ္မတ ဦးသိန်းစိန်အစိုးရက ငြိမ်းချမ်းရေးအတွက် စတင်ဖိတ်ခေါ်ကမ်းလှမ်းတဲ့နေ့မှ NCA စာချုပ်ချုပ်ဆိုနိုင်တဲ့နေ့အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့တယ်။ ငြိမ်းချမ်းရေး ကြိုးပမ်းစဉ်ကာလအတွင်း အစည်းအဝေးစုစုပေါင်း ၅၀၀၀ ခန့်အထိ ရှိခဲ့တယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဟာ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်တို့ရဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်တယ်။ အထူးသဖြင့် ဒေသခံပြည်သူများရဲ့အောင်ပွဲဖြစ်ပါတယ်။

ထိုစဉ်က မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူ အရေအတွက် ခြောက်သိန်းကျော်ခန့်ရှိပြီး မြန်မာနိုင်ငံရှိ လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိတဲ့ဒေသတွေဟာ ပဋိပက္ခဖြစ်ပွားရာဒေသ သို့မဟုတ် ပဋိပက္ခသင့် ဒေသနဲ့ဆက်စပ်တဲ့နေရာတွေ ဖြစ်ခဲ့ပါတယ်။

ဒီအတွက် ငြိမ်းချမ်းမှုနဲ့ကင်းဝေးနေခဲ့တဲ့ ဒေသခံပြည်သူတွေဟာ ငြိမ်းချမ်းရေးကို အလွန်အမင်း ဆာလောင်မွတ်သိပ် တောင့်တလျက်ရှိကြပါတယ်။ အထူးသဖြင့် ကရင်အမျိုးသားအစည်းအရုံး(KNU) နဲ့ ငြိမ်းချမ်းရေးဆွေးနွေးတဲ့အခါမှာ ဒေသခံပြည်သူတွေဟာ ဘားအံမြို့ကနေ မြို့လုံးကျွတ်မျှ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါတယ်။ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပွဲ အောင်မြင်တဲ့အခါမှာတော့ ဒေသခံပြည်သူတွေမဆိုထားဘိ၊ ကမ္ဘောဒီးယားနိုင်ငံမှ လေ့လာသူအဖြစ်တက်ရောက်လာတဲ့ ကိုယ်စားလှယ် အမျိုးသမီးကြီးကလည်း ဝမ်းသာလွန်းလို့ ချုံးပွဲချငိုကြွေးခဲ့တယ်လို့ သိရပါတယ်။

ထိုစဉ်က ကရင်အမျိုးသားအစည်းအရုံး(KNU) ခေါင်းဆောင်ကြီး စောမူတူးစေးဖိုးရဲ့ **“တိုက်ပွဲတိုက်နေတာကြာပြီ၊ ဘယ်သူ့ဘယ်သူမှနိုင်အောင်မတိုက်နိုင်ကြပါဘူး၊ ဆုံးရှုံးရတာတော့ နှစ်ဖက်စလုံးပါပဲ”** ဆိုတဲ့စကားကလည်း နိုင်ငံရေးသံဝေဂပွားစရာပါပဲ။

ဒါပေမယ့် ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်မှာ တချို့သော EAO တွေအနေနဲ့ NCA မှာ လက်မှတ်ရေးထိုးထားရှိခဲ့တဲ့ ကတိကဝတ်ကို ဖောက်ဖျက်ပြီး NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တို့ကို တစ်ဖက်လှည့်နည်းနဲ့ထောက်ခံအားပေးခဲ့ကြသလို လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကိုလည်း ထောက်ပံ့မှုမျိုးစုံနဲ့ အားပေးအားမြှောက်ပြုလုပ်လာခဲ့ကြတဲ့အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုတွေ အားနည်းခဲ့ရပြီး ပြည်သူလူထုဟာလည်း အကြောက်တရားများနဲ့ ကျီးလန့်စာစားတဲ့ဘဝကို ရောက်ရှိခဲ့ရပြန်တယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှာ စတင်ခဲ့တဲ့ MNDAA၊ TNLA နဲ့ AA အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကလည်း ပြည်သူတွေရဲ့လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေသလို ဒီမတိုင်မီမှာလည်း KNPP၊ KNDF၊ KIA လက်နက်ကိုင်သောင်းကျန်းသူတွေဟာ နယ်မြေဒေသအသီးသီးမှာ အဖျက်အမှောင့်လုပ်ရပ်များစွာကို ဆောင်ရွက်ခဲ့ကြတဲ့အတွက် အပြစ်မဲ့ပြည်သူများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါတယ်။

*စာမျက်နှာ ၇ သို့*

# ခရီးရှေ့ဆက် ချီတက်မည်

❖ ကိုယ့်တိုင်းပြည်ကို၊ ငြိမ်းချမ်းလို၍
ညီအစ်ကိုနောင်ရင်း၊ စစ်မခင်းဘဲ
ချစ်ခြင်းဖြင့်သာ၊ တည်ဆောက်ပါမှ
အနာဂတ်လမ်း၊ တို့ဖြောင့်တန်းမည်
တန်းတူညီမျှ၊ ဆွေးနွေးကြခဲ့
လအောက်တိုဘာ၊ ဆယ့်ငါးမှာလျှင်
ကာလအရှိ၊ ဆယ်နှစ်ပြည့်ပြီ
ထိန်းညှိပေးနေ အင်န်စီအေ။
ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းပေ။

❖ ကိုယ့်တိုင်းပြည်ကို၊ ဖွံ့ဖြိုးလို၍
ဟိုယခင်က၊ ကြုံခဲ့ရသည့်
ဒုက္ခဘေးဒဏ်၊ အရင်းခံမှာ
နိုင်ငံရေးအရ၊ ဘာသာရေးအရ
လူမျိုးရေးအရ၊ ဝါဒမတူ
အယူကွဲပြား၊ ဖြစ်ရပ်များကြောင့်
ထင်ရှားသိပေ ပြည်သူတွေ။
အင်န်စီအေကို ထောက်ခံပေ။

❖ သြော်
တိုင်းပြည်အမှန်၊ ငြိမ်းချမ်းရန်အတွက်
တိုင်းပြည်အမှန်၊ ဖွံ့ဖြိုးရန်အတွက်
တိုင်းပြည်အမှန်၊ တိုးတက်ရန်အတွက်
ရည်သန်လမ်းကြောင်း၊ မတိမ်းစောင်းအောင်
ထိန်းကျောင်းလျက်ပေ၊ အင်န်စီအေ၏
အရှည်မျှော်ရှု၊ ရပ်တည်မှုကား
ပြည်သူ့ရင်ကြား၊ နှလုံးသားမှ
ခံစားချက်အစစ်၊ အမှန်ဖြစ်၏
ဆယ်နှစ်မှသည်၊ ရှေ့ဆက်ချီသော်
ရောက်မည်ပန်းတိုင်၊ မလွဲနိုင်ဟု
ခိုင်မာစိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
နိုင်ငံအကျိုး မျှော်ကိုးရည်။
အင်န်စီအေကို ထောက်ခံသည်။ ။
ခရီးရှေ့ဆက် ချီတက်မည်။ ။

**မြင်းမူမောင်နိုင်မိုး**

[ (၁၀)နှစ်ပြည့် NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။ ]

*စာမျက်နှာ ၆ မှ*

အဆိုပါဖြစ်ရပ်ဖြစ်စဉ်တွေကို သမိုင်းသင်ခန်းစာတစ်ရပ်အဖြစ်ဖော်ထုတ်ရရင် NCA ငြိမ်းချမ်းရေးအနိမ့်အမြင့် အတက်အကျဖြစ်စဉ်ဟာ ဒေသခံပြည်သူလူထုရဲ့ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လူမှုစီးပွားဘဝအပေါ် တိုက်ရိုက်ရိုက်ခတ်လျက်ရှိကြောင်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

အမှန်တကယ်အားဖြင့်လည်း NCA သဘောတူစာချုပ်ဟာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တစ်ခုတည်းသော စာချုပ်ဖြစ်သလို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွှတ်တော်ပြင်ပက ဆောင်ရွက်နိုင်တဲ့လမ်းကြောင်းတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ပြီးခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားမိန့်ခွန်းမှာ **“တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ဟာ သက်ဆိုင်ရာအဖွဲ့အသီးသီးမှ တာဝန်ရှိသူများရဲ့ တွေ့ဆုံမှုပေါင်းများစွာ၊ ညှိနှိုင်းဆွေးနွေးမှုပေါင်းများစွာကနေ အခြေတည်ဖြစ်ပေါ်လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့သမိုင်းဝင်စာချုပ်သစ်တစ်ခုပဲဖြစ်ပါတယ်”** ဟု ထည့်သွင်းပြောကြားခဲ့ပါတယ်။

**❖ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဟာ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်တို့ရဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်တယ်။ အထူးသဖြင့် ဒေသခံပြည်သူများရဲ့အောင်ပွဲဖြစ်**

**❖ အမှန်တကယ်အားဖြင့်လည်း NCA သဘောတူ စာချုပ်ဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ တစ်ခုတည်းသော စာချုပ်ဖြစ်သလို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွှတ်တော်ပြင်ပက ဆောင်ရွက်နိုင်တဲ့လမ်းကြောင်းတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။**

ထို့အတူ နိုင်ငံတော်အကြီးအကဲက **“NCA ကိုလက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေးနဲ့ ဒီမိုကရေစီအရေးတွက်ပဲဖြစ်ပါတယ်။ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေးဆိုရာမှာ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကိုရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ဖြစ်ပေါ်လာပြီး (၃)နှစ်အကြာမှာပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲတာတွေကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပြီး လိုက်လျောဆောင်ရွက်ပေးတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့မူဝါဒတွေကိုချမှတ်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားတာတွေ၊ လိုက်ပါဆောင်ရွက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေး လမ်းစဉ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ကြဖို့လည်း ဖိတ်ခေါ်မှုများကိုပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခများဟာ နိုင်ငံရေးအမြင်မတူမှုများကနေ ပေါ်ပေါက်လာခြင်းဖြစ်တာကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ဖြေရှင်းကြဖို့ဖိတ်ခေါ်မှုများပြုလုပ်လျက်ရှိပါတယ်။ အားလုံးက နိုင်ငံ့အကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းမှာပါဝင် လျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်”**လို့ ပြောကြားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲက **“လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကိုတောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကိုရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းနည်းနဲ့သာ ပဋိပက္ခတွေကိုပြေလည်စေမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တောင်းဆိုမှုတွေအပေါ် လိုက်လျောဖြေရှင်းပေးသွားမှာ မဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်”**လို့ ပြောကြားခဲ့ပါတယ်။

အောက်တိုဘာလ ၁၅ ရက်နေ့မှာ ကျရောက်မယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကိုလည်း နိုင်ငံတော်အစိုးရက နေပြည်တော်မှာနိုင်ငံရေးအနှစ်သာရရှိရှိ၊ အသွင်သဏ္ဌာန်နဲ့အနှစ်သာရရှိရှိ ခမ်းနားစွာကျင်းပသွားမယ်လို့ သိရပါတယ်။

ဒါကြောင့်မို့ NCA စာချုပ်မှာ မူလက ကိုယ်တိုင်ပါဝင်ရေးဆွဲသဘောတူညီခဲ့ပြီး လက်မှတ်ရေးထိုးချိန်ရောက်မှ အကြောင်းအမျိုးမျိုးပြ လက်မှတ်မရေးထိုးခဲ့သော EAO တွေနဲ့ NCA မှာလက်မှတ်ရေးထိုးခဲ့ပြီးမှ ထားရှိခဲ့တဲ့ ကတိကဝတ်တွေကို ဖောက်ဖျက်နေတဲ့ တချို့သော EAOတွေအနေနဲ့ NCA အပါအဝင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ရဲ့အကျိုးစီးပွားအတွက် နိုင်ငံရေးအမြတ်ထုတ်ရမယ့် နိုင်ငံရေးကစားကွင်းမဟုတ်ဘဲ နိုင်ငံတော်နဲ့နိုင်ငံသားများ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသ၊ ပဋိပက္ခသင့်ဒေသနဲ့ဆက်စပ်တဲ့နေရာက ဒေသခံပြည်သူတွေရဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်တယ်ဆိုတာကို မှန်ကန်စွာ ရှုမြင်လုပ်ဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက "၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး နေ့အထိမ်းအမှတ်ဂုဏ်ပြု" တေးသီချင်းဖြင့်အခမ်းအနားကို စတင် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က **"အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့"** အထိမ်းအမှတ် အခမ်းအနားကို ယခုနှစ်တွင် **"Fund Resilience, Not Disasters" "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး"** ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ် တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်ပွားမှုကို လေ့လာရာတွင် ရေဘေးခံစားရနိုင်ခြေရှိသည့် လူဦးရေသည် ၁၉၇၀ ပြည့်နှစ်တွင် ၂၈ ဒသမ ၁ သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ဒသမ ၁ သန်းထိ ၂၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မိုးခေါင်ရေရှားဘေးသည် လွန်ခဲ့သည့်နှစ် ၂၀ ကျော် အတွင်း ၂၉ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ကြောင်း၊ အပူပိုင်းမုန်တိုင်းကြောင့် နှစ်စဉ်ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံဖြစ်ကြောင်း။

**လက်တွဲညီစွာဖြင့် ဆောင်ရွက်**

မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ နေအိမ်၊ စာသင်ကျောင်းတို့အပြင် လျှပ်စစ်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကျပ် ၇၉၇၉ ဘီလီယံကျော် ရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ဦးဆောင်လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ငလျင်ဘေးအရေးပေါ် တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူများ လက်တွဲညီစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်းအရ ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးနိုင်ငံ ၁၀ နိုင်ငံအနက် ဆဋ္ဌမ မြောက်နေရာတွင်ပါဝင်နေသဖြင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အနေဖြင့် အစဉ်တစိုက် အလေးထားလုပ်ဆောင်ကြရန် အလွန်အရေးကြီးကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများသာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အစီအမံများတွင် ရန်ပုံငွေကို ပိုမိုထည့်သွင်း ရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှု မှတ်တမ်းတင် ဗီဒီယိုတို့ကို ပြသသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ရုံးအမှတ်(၁) ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။






အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပထဝီ နိုင်ငံရေး (Geopolitics) နှင့် ပထဝီစီးပွားရေး (Geoeconomics) ကဏ္ဍများတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး ယင်းစိန်ခေါ်မှုသည် မြန်မာနိုင်ငံ အပါအဝင် အာဆီယံကို ရိုက်ခတ်မှုရှိကြောင်း၊ အာဆီယံအနေဖြင့် အမေရိကန် ပြည်ထောင်စု၏ အခွန်စည်းကြပ်မှုအစီအမံကဲ့သို့ ပထဝီစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ရန် စုပေါင်းလုပ်ငန်းစဉ်အနေဖြင့် Geoeconomics Task Force (AGTF) ကို ဖွဲ့စည်းပြီး အကြံပြုချက်များ ရေးသားပြုစုလျက်ရှိကြောင်း၊ အာဆီယံအနေဖြင့် စည်းမျဉ်းကို အခြေခံသောကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ထောက်ခံကြောင်း ပြသရန် ဝန်ကြီးအဆင့် အထူးအစည်းအဝေးများကိုလည်း ကျင်းပခဲ့ကြောင်း။

**လုပ်ငန်းစဉ်ပေါင်း ၃၈၀၀ ကျော်ထိ တိုးမြင့်လာ**

အေအီးစီ ၂၀၂၅ (၂၀၁၆ – ၂၀၂၅)ကို ၂၀၁၆ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ အကောင်အထည်ဖော်မှုစတင်စဉ်က အေအီးစီလုပ်ငန်းစဉ်များသည် ၁၇၀၀ ကျော်သာရှိသော်လည်း ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် ကိုဗစ်ကဲ့သို့ မမျှော်မှန်းနိုင်သော ကိစ္စရပ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ကိုထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေးကဲ့သို့ အသစ်နှင့် ပေါ်ထွန်းဆဲကိစ္စရပ်များကို ထည့်သွင်းစဉ်းစားလာသည့်အတွက် လုပ်ငန်းစဉ်ပေါင်း ၃၈၀၀ ကျော်ထိ တိုးမြင့်လာကြောင်း၊ လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ကို အကောင်အထည်ဖော်ပြီးကြောင်းနှင့် ယခုနှစ်အကုန်တွင် ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးရန်မျှော်မှန်းထားကြောင်း၊ ကျန်ရှိနေသော လုပ်ငန်းစဉ်များကို ၂၀၂၅ အလွန်တွင် ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပံ့ပိုးစေလို**

အာဆီယံအနေဖြင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အနာဂတ်ရည်မှန်းချက်အတွက် နောင်နှစ် ၂၀ အထိ မျှော်မှန်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ ကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးမဏ္ဍိုင်သည် အာဆီယံမျှော်မှန်းချက် ၂၀၄၅ ၏ နှစ် ၂၀ Time Frame အောက်တွင် ငါးနှစ်တာ လုပ်ငန်းအစီအစဉ် လေးခုကို ရေးဆွဲချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အေအီးစီ မဟာဗျူဟာလုပ်ငန်း အစီအစဉ်(၂၀၂၆–၂၀၃၀)ကို (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အလွန်တွင် ဆောင်ရွက်မည့် အေအီးစီ လုပ်ငန်းစဉ်များကို Stakeholder များအားလုံး မျှဝေဆွေးနွေးရန်ရှိကြောင်းနှင့် ယင်းအစီအစဉ်အတွက် ဘာသာရပ်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းပံ့ပိုးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ ဒေါက်တာ မာလာမျိုးညွန့်က (၅၇) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ ဆွေးနွေးချက်များနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကော်မတီအလိုက် ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကဏ္ဍအလိုက် လုပ်ငန်း ကော်မတီ ၂၂ ခု ဖွဲ့စည်း**

မြန်မာနိုင်ငံ အနေဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းခဲ့ပြီး အဆိုပါ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့်အမြဲတမ်း အတွင်းဝန်များက လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဘာသာရပ်ဆိုင်ရာဌာနများက လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၇၈

ရက်

သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- ❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့် လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

# မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင် မဲပေးနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်





**နေပြည်တော် အောက်တိုဘာ ၁၀**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး(၄/၂၀၂၅)ကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင် ကိုယ်စားလှယ်များက သက်ဆိုင်ရာ နယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်မှစ၍ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို သက်ဆိုင်ရာမြို့နယ်များအလိုက် ထုတ်ပြန်ကြေညာခဲ့ပြီး အချို့ဒေသများ၌ မဲစာရင်း မပြည့်စုံမှု၊ အချက်အလက်ကွဲလွဲမှုနှင့် လိုအပ်ချက်များ အနည်းငယ်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိအမည် မဲစာရင်းတွင် ပါ မပါ၊ အချက်အလက်ပြည့်စုံမှန်ကန်မှု ရှိ မရှိ မဲစာရင်းထုတ်ပြန်ကြေညာထားသည့်နေရာများသို့ လာရောက်ကြည့်ရှုနိုင်ရေးနှင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်များရှိပါက ကာယကံရှင်အနေဖြင့် ရွေးကောက်ပွဲနည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ပုံစံများဖြင့် ဖြည့်စွက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ထိထိရောက်ရောက် နှိုးဆော်အသိပေးကြရန် လိုအပ်ပါကြောင်း၊ လက်ရှိအတည်ပြု လူဦးရေစာရင်းတွင် ဌာနဆိုင်ရာဝန်ထမ်း အချို့နှင့် အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်း နေထိုင်သူများသည် ပြောင်းရွှေ့ နေထိုင်ရာဒေသသို့ အိမ်ထောင်စု လူဦးရေစာရင်း ပြောင်းရွှေ့ဝင်ရောက်မှု မရှိသေးသည့်အတွက် မဲစာရင်းပြုစုရာတွင် ကျန်ရှိနေခြင်း၊ ကွဲလွဲနေခြင်းဖြစ်ပါကြောင်း၊ ယင်းတို့ကို ရွေးကောက်ပွဲနည်းဥပဒေပါ သတ်မှတ်ပုံစံများ ဖြည့်စွက်၍ မဲစာရင်းတွင် ပါရှိစေရေး၊ အချက်အလက်ကွဲလွဲမှုမရှိစေရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိ ကိုင်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မဲစာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ပါဝင်မှုရှိစေရေးနှင့် မဲပေးပိုင်ခွင့်မရှိသူများ မပါဝင်စေရေးအတွက် မိမိတို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဆင့်ဆင့်က အလေးထားကြပ်မတ် စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း မထုတ်ပြန်မီ ပထမအကြိမ် မဲစာရင်းထုတ်ပြန်မှု၏ လိုအပ်ချက်များ၊ မပြည့်စုံမှုများအပေါ် အောက်ခြေမြို့နယ်အဆင့်၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှစ၍ အချိန်နှင့် တစ်ပြေးညီ စနစ်တကျ စိစစ်ပြင်ဆင် ဖြည့်စွက်အတည်ပြုပြီး အဆင့်ဆင့် ကြပ်မတ်ကြီးကြပ် စိစစ်အတည်ပြုပြီး လက်ရှိ အသက် ၁၈ နှစ်နှင့် အထက် အတည်ပြု လူဦးရေစာရင်းအား ဗဟိုကော်မတီသို့ သတ်မှတ်ရက်အရောက် ပြုစုပေးပို့ကြရန်နှင့် ဗဟိုကော်မတီမှ အထက်အဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူ၍ ဒုတိယအကြိမ် မဲစာရင်း ပြုစု ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ဆက်လက်ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာရာတွင် တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများ၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စွာ ထုတ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ အတည်ပြုလူဦးရေစာရင်းအား သတ်မှတ်ကာလအတွင်း စိစစ်အတည်ပြုပေးပို့ဆောင်ရွက်မည့်အခြေအနေနှင့် ပန်းခင်းစီမံချက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအပေါ် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကိုရှင်းလင်းဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။






ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အခြေခံပညာ (၁၀ - ၁၅) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။

### အချိုးအဆစ်ညီညာကပြ

ယနေ့နံနက်ပိုင်းတွင် **တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲ အလွတ်တန်းအဆင့်ကို** ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မှ သာယာလှပ မွန်ဒေသယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျေးလက်သဘာဝ၊ ကျေးလက်အလှအကအဖွဲ့၊ ကချင်ပြည်နယ်မှ လော်ဝေါ်ရိုးရာအကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာ အိုးစည်နှင့် ယိမ်းအကအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ယဉ်ကျေးမှုရိုးရာ ဒုံးအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ရိုးရာ ရေအိုးရွက်အကအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာ သျှိုင်ဒိုင်အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မန်းအညာမြေအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်စိုးမင်းသူနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ တီးတိန်ရှောင်စောင်းအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ တောင်းဆုပန်ခြွေ ကျေးလက်မြေ အကအဖွဲ့၊ ရှမ်းပြည်နယ်မှ ဓနုတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ တို့ဘိုးဘွား အမွေဧရာမြေ အကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ်ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

### သီဆိုယှဉ်ပြိုင်

မွန်းလွဲပိုင်းတွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်ုပ်တို့မြန်မာပြည်" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထာဝရငြိမ်းချမ်းရေး" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

### ငြိမ့်ညောင်းသာယာစွာတီးခတ်

ထို့အတူ **စောင်းအတီးပြိုင်ပွဲကို** အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှပြိုင်ပွဲဝင်များက "စောင်းတော်သိင်္ဂါ (ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင်ပြောင်နာဂိန်(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)" သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

### တီးခတ်ယှဉ်ပြိုင်

ထို့ပြင် **ပတ္တလားအတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ *စာမျက်နှာ ၁၁ သို့*






တပ်မတော်အရာရှိကြီးများ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအက ယှဉ်ပြိုင်မှုအား ကြည့်ရှုအားပေးစဉ်။




အခြေခံပညာ(၁၅-၂၀) အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်စဉ်။




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၁၀ မှ*





အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။

အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ (ယိုးဒယား)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ညောင်သဥ္ဇာ (ဝတ်တော်ရုံ)" သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**တီးခတ်ယှဉ်ပြိုင်**

ထို့အတူ **စန္ဒရားအတီးပြိုင်ပွဲကို** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမဥ္စကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"တောနှင့်တောင်စွယ် (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား**ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မနက်ဖြန်(သို့မဟုတ်)ဘယ်သောအခါ (ကာလပေါ်)"** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ဇမ္ဗူရောင်ကွန့်(ဘွဲ့)"** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမဥ္စကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ကြည့်ရှုအားပေး**

ယနေ့ ပြိုင်ပွဲစတုတ္ထနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ယခင်နှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်စုစုပေါင်း ၁၅၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ် အဆိုပါအဆင့်သုံးဆင့်အတွက် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ပြိုင်ပွဲဝင်ဦးရေ တိုးတက် များပြားလာကြောင်း သိရသည်။ **သတင်းစဉ်**



အခြေခံပညာ(၁၀–၁၅) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းသုတ ယှဉ်ပြိုင်စဉ်။





အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး အဆင့်မြင့်ပညာအဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော်တို့ သီဆိုယှဉ်ပြိုင်စဉ်။



အခြေခံပညာ (၁၀–၁၅) စောင်းအတီးပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မသဒ္ဒါရွှေဖြူ ယှဉ်ပြိုင်စဉ်။




အခြေခံပညာ (၁၅–၂၀) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် ယှဉ်ပြိုင်စဉ်။

# ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုကောင်းမွန်စေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ညီလက်ညီ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြ

ညိုမောင်

ရွှေမြန်မာရဲ့၊ သာတဲ့စခန်းမြေ
ဆွေကမ္ဘာညော့်၊ လာလှည့်စမ်းပါလေ
ညော့်ဝတ်တော်ကျော၊ ဖော်ရွှေစိတ်ရင်း
စကားဆိုရာ၊ ကြွားမပိုပါ
ချိုသာခွန်းတုံ့ နှင်းသည်နှင့်လေး။

လူ့သမိုင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် ရှေးခေတ်ကာလကပင် ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း တစ်နေရာမှတစ်နေရာသို့ ခရီးခြေဆန့်သွားလာခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် နယ်မြေချဲ့ထွင်ရန်၊ သာသနာပြုရန်၊ ကုန်သွယ်ရန်၊ စီးပွားရှာရန်၊ အပန်းဖြေရန်နှင့် ဒေသန္တရဗဟုသုတရှာမှီးရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ခရီးသွားလာခဲ့သည်မျိုးလည်း ရှိကြပြန်ပါသည်။ အရှိန်အဟုန်အားဖြင့် ခရီးသွားယဉ်ကျေးမှုမြင့်တက်လာသော ယနေ့ကမ္ဘာတွင် လူဦးရေသန်း ၁၀၀၀ ကျော်တို့သည် ကမ္ဘာတစ်လွှား၌ နှစ်စဉ်နှစ်တိုင်း ခရီးသွားလာနေကြသည်ဟု ဆိုပါသည်။

လူသားတို့အနေဖြင့် ခရီးသွားလာလိုသော စိတ်ဆန္ဒကို ဖြစ်ပေါ်စေသည့် စေ့ဆော်မှုအကြောင်းတရားများ များစွာရှိနိုင်ပါသည်။ အအေးပိုင်းနိုင်ငံများရှိ နိုင်ငံသားတို့သည် နေရောင်ခြည်တောက်ပပူနွေးသော သာယာသည့် ဒေသများသို့ ခရီးထွက်လိုကြသည်။ ပညာရပ်ပိုင်းဆိုင်ရာကြောင့်ဖြစ်စေ၊ လူမျိုးတစ်မျိုး၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ရိုးရာအားကစား၊ အနုပညာ၊ ဂီတ၊ စာပေ စသည့် အသွင်လက္ခဏာ ကွဲပြားခြားနားမှုတို့အပေါ်၌ ဖြစ်စေ လေ့လာသင်ယူ တတ်မြောက်လိုသောစိတ်ဖြင့် ခရီးသွားလာကြသည်။ အတွေ့အကြုံသစ်၊ ပတ်ဝန်းကျင်သစ်၊ လုပ်ငန်းဆောင်တာအသစ်၊ ပိုင်ဆိုင်မှုအသစ်နှင့် အတွေးအခေါ်အသစ်တို့ကို စူးစမ်းရှာဖွေလိုခြင်းကလည်း ခရီးသွားရခြင်း၏ လိုအင်ဆန္ဒတစ်ရပ်အဖြစ် ပါဝင်မည်ထင်ပါသည်။

### အကျိုးတရားများစွာ ရရှိစေနိုင်

မည်သို့သော အကြောင်းတရားကြောင့်ဖြစ်စေ ခရီးသွားလာရခြင်းမှာ အင်မတန်နှစ်သက် မြတ်နိုးအပ်သောအရာ ဖြစ်ပါသည်။ ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကို သိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ခရီးသွားလာမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်း စသည့် တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားများစွာကို ဖြစ်ထွန်းရရှိစေနိုင်ပါသည်။

မိမိတို့မှီတင်းနေထိုင်ကြသည့် တူညီသော ကမ္ဘာတစ်ခုအတွင်းမှ အခြားသော ရေမြေတောတောင် သဘာဝအခြေအနေများ၊ ဒေသခံမျိုးနွယ်စုအသီးသီးတို့၏ လူမှုစီးပွားဘဝ နောက်ခံအခြေအနေများ၊ ဓလေ့ထုံးတမ်းစဉ်လာများကို ခရီးသွားလာခြင်းဖြင့်သာ ထဲထဲဝင်ဝင် ထိတွေ့သိရှိနိုင်ခွင့်ရမည်ဖြစ်ပါသည်။ ဒေသတစ်ခုနှင့်တစ်ခု အရပ်အနေခြားသူချင်း အပြန်အလှန် စာနာနားလည်သည်အထိ မေတ္တာပေါင်းကူးပေးနိုင်သော အစွမ်းသတ္တိကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကို လေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် "ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization UNWTO)" ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်တို့ပါဝင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍ "ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)" ဟု အမည် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေးတွင် ခရီးသွားလုပ်ငန်းသည် သိသာထင်ရှားမှုအရှိဆုံးနှင့် တိုးတက်မှု အရှိဆုံး ကဏ္ဍတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကိုမြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍ၌လည်း ပါဝင်နေပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ၎င်းနှင့် ဆက်စပ်၍ နိုင်ငံများ၏ ပြည်တွင်းထုတ်ကုန် (GDP) တိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တစ်ပါတည်း ဆောင်ကြဉ်းပေးလာနိုင်မည်ဖြစ်ပါသည်။

- **ကမ္ဘာ့စီးပွားရေးတွင် ခရီးသွားလုပ်ငန်းသည် သိသာထင်ရှားမှုအရှိဆုံးနှင့် တိုးတက်မှုအရှိဆုံး ကဏ္ဍတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ စီးပွား ရေးကို မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍ၌လည်း ပါဝင်နေပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ၎င်းနှင့်ဆက်စပ်၍ နိုင်ငံများ၏ ပြည်တွင်းထုတ်ကုန် (GDP) တိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တစ်ပါတည်း ဆောင်ကြဉ်းပေးလာနိုင်မည်**
- **မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ပြီး ခေတ်သမိုင်းအဆက်ဆက်ကို ဖြတ်သန်း၍ ကြံ့ကြံ့ခံနိုင်ရန်အတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များတွင် မိမိတို့ နိုင်ငံသားအားလုံးအနေဖြင့် ကျရာအခန်းကဏ္ဍမှ "တစ်ချပ်အုတ်ခဲ တစ်ပွင့်သဲ" အဖြစ် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်**

### ဦးစားပေးကဏ္ဍဖော်ဆောင်

ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ခရီးသွားလာခြင်းဖြင့် အချင်းချင်းယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုများကို တည်ဆောက်နိုင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကိုဖြစ်ပေါ်စေခြင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းတတ်စေခြင်း၊ ဒေသနေပြည်သူများ၏ ရိုးရာဓလေ့နှင့် ကိုးကွယ်ယုံကြည်မှု၊ အယူအဆများကို မပျောက်ကွယ်စေရန် ထိန်းသိမ်းနိုင်ခြင်းနှင့် ဖော်ထုတ်ပြသနိုင်ခြင်း၊ ထုတ်ကုန်များကို ကျယ်ပြန့်စွာ အဆင့်မြှင့်တင်ထုတ်လုပ် ရောင်းချလာနိုင်ခြင်း၊ ခရီးစဉ်ဒေသအသစ်များ တိုးမြှင့်ဖော်ဆောင်ခြင်း၊ ခရီးစဉ်ဒေသများသို့ လွယ်ကူစွာ ဝင်ရောက်လည်ပတ်ခွင့်ရရှိစေခြင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေခြင်း၊ ဒေသအလိုက် ခရီးသွားလုပ်ငန်းများ ပြန်လည်အသက်ဝင် တိုးတက်လာစေခြင်းစသည်ဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်၍ ဦးစားပေးကဏ္ဍအဖြစ် စဉ်ဆက်မပြတ် ဖော်ဆောင်နေကြရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း၏ အကြီးမားဆုံးသော အားသာချက်မှာ မတူကွဲပြားသောအခြေအနေများတွင် ရှိနေသူများအားလုံးကို အတူတကွစုစည်းပေးနိုင်စွမ်းရှိသည့် စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်နေခြင်းပင် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးခြင်းဖြင့် ဆက်စပ်နယ်ပယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး ဖန်တီးပေးနိုင်ကာ ဒေသတွင်း စီးပွားရေးဆိုင်ရာ မညီမျှမှုများကို လျော့ကျစေနိုင်မည်ဖြစ်ပါသည်။ စားသောက်ကုန်နှင့် ကုန်စည်ထုတ်လုပ်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းဆိုင်ရာ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများ၊ လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ **"တစ်နွယ်ငင် တစ်စင်ပါ"**၍ **"ကျွဲကူးရေပါ"** ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ထို့ပြင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ အပါအဝင် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်နေသည့် အခြေခံအရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့ထက်ပို၍ ဆိုရပါလျှင် ဒေသတွင်း နိုင်ငံများအတွင်း ခရီးလှည့်လည်ခြင်းအားဖြင့် ကုန်စည်စီးဆင်းမှုဖွံ့ဖြိုးကာ ဒေသ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း တိုးတက်ရရှိစေနိုင်မည်ဖြစ်ပါသည်။

ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးစေရန် အနာဂတ်ကို ပုံဖော်ရာတွင် လူငယ်များ၏အခန်းကဏ္ဍကိုလည်း အလေးထား၍ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ၎င်းတို့ကို ဆွဲဆောင်ခြင်းအားဖြင့် မှန်ကန်သော အသိအမြင်များကိုရရှိစေပြီး အချင်းချင်း နားလည်မှုနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးကို ဦးစားပေးတတ်သော မျိုးဆက်သစ်ခရီးသွားများကို ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံးသော ဝန်ဆောင်မှုလုပ်ငန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် လုပ်သားအင်အားမှာ ၂၉၂ ဒသမ ၂၂ သန်းခန့်ရှိရာ ကမ္ဘာ့လုပ်သားအင်အား၏ ၉ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုရပါမည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သဖြင့် **"မီးခိုးမထွက်သော စက်ရုံ"** ဟု တင်စားသတ်မှတ်ထားသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်း တစ်ခုလည်းဖြစ်ပါသည်။

စာရင်းဇယားများအရ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ခရီးသည် စုစုပေါင်း ဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံအထိ ရရှိခဲ့ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရပါသည်။

### ခရီးစဉ်ဒေသများ စုံလင်စွာ တည်ရှိ

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သဘာဝတရားက ပေးအပ်ထားသော အရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် ပေါင်းစည်းနေထိုင်ကြလျက်ရှိသည်မှာ လွန်စွာစိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ခရီးသွားတို့ကို ဆွဲဆောင်နိုင်သော စွဲမက်နှစ်သက်ဖွယ်ရာ ခရီးစဉ်ဒေသများ အမျိုးအစားစုံလင်စွာ တည်ရှိနေပါသည်။ မပျက်မစီး အကောင်းပကတိအတိုင်း ကျန်ရှိနေသေးသည့် ကမ်းခြေခရီးစဉ်ဒေသများ၊ မြင့်မားသည့် တောင်စဉ်တောင်တန်းများ၊ ကျွန်းစုများနှင့် မြေဩဇာကောင်းသည့် လွင်ပြင်များ ပေါများကြွယ်ဝသည့်နိုင်ငံလည်း ဖြစ်ပါသည်။ ထို့ပြင် ထူးခြားထင်ရှားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူနေမှုဘဝပုံစံများမှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ဆွဲဆောင်ဖမ်းစားနိုင်သည့်အရာများပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ သတ်မှတ်၍ မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ်စီမံချက် ၉၃ ခု ပါဝင်သည့် **"မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး မဟာဗျူဟာ လမ်းပြမြေပုံ(၂၀၂၁-၂၀၂၅)"** ကို ရေးဆွဲကာ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားလာမှု ပိုမိုတိုးတက်လာရန် မျှော်မှန်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြသည်တွင် ပြည်ပဧည့်သည်များနည်းတူ ပြည်တွင်းမှ မိမိတို့ နိုင်ငံသားများကိုလည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလည်ပတ်နိုင်စေရန် ပြည်တွင်း ခရီးသွားလုပ်ငန်းများကို ပြည့်စုံအောင်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုကောင်းမွန်စေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ တက်ညီလက်ညီဖြင့် အတူတကွပူးပေါင်းလုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၃ သို့*

## ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ကံလှသိမ်တော်ကြီး အသစ်တည်ဆောက်

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)က ငလျင်ဒဏ်သင့်နေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ သီလရှင်ကျောင်းများ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးများတွင် တစ်တပ်တစ်အားဝိုင်းဝန်းတည်ဆောက်ခဲ့ကြပြီး ပျဉ်းမနားမြို့နယ်ရှိ ပျက်စီးခဲ့သည့် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာတို့တွင်လည်း ပါဝင်လှူဒါန်းခဲ့ကာ မတ်လအတွင်းက ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံလှသိမ်တော်ကြီးအား စုပေါင်းကုသိုလ်အဖြစ် အသစ်ပြန်လည် တည်ဆောက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကံလှသိမ်တော်ကြီး တည်ဆောက်နေမှုကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့က အောက်တိုဘာ ၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးရာ ၉၀ ရာခိုင်နှုန်းခန့် လုပ်ငန်းပြီးစီးပြီဖြစ်ပြီး နိုဝင်ဘာလအတွင်း စုပေါင်းရေစက်ချလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်တွင်းကြီးမြို့နယ်၌ အသက် ၁၀၀ ပြည့် ဘိုးဘွား ၁၇ ဦးအား ထောက်ပံ့ငွေများ ပေးအပ်

**တောင်တွင်းကြီး အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ယနေ့နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အသက် ၁၀၀ ပြည့် သက်ကြီးဘိုးဘွား ၁၇ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သက်ကြီးဘိုးဘွားများ ထောက်ပံ့ပေးအပ်ရာတွင် တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူမောင်မောင်နှင့် ဝန်ထမ်းများပူးပေါင်း၍ သက်ကြီးဘိုးဘွားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **နောင်နောင်(ဗိသုနိုးမြေ)**



## ပန်းတောင်းမြို့နယ်၌ နေကြာသီးညှပ်စိုက်ပျိုးရေး ဆွေးနွေးပွဲကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၁၀**

ပန်းတောင်းမြို့နယ် အောင်မင်္ဂလာကျေးရွာ၌ ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ



တာဝန်ရှိသူများက နေကြာသီးညှပ်စိုက်ပျိုးခြင်းမှတစ်ဆင့် တောင်သူများ စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်စေရန် ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်အေးအေးသင်း၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးဇော်ဌေးနှင့် တာဝန်ရှိသူများက နေကြာသီးညှပ်စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာသစ်များ၊ မျိုးစေ့များ မှန်ကန်စွာ ရွေးချယ်အသုံးပြုနိုင်စေရေး၊ စိုက်ပျိုးနည်းစနစ်များ၊ မြေမျက်နှာသွင်ပြင်နှင့် မြေအမျိုးအစား၊ အပင်ဦးရေ၊ သားခွဲခြင်း၊ ရေပေးသွင်းခြင်း၊ သွင်းအားစုထည့်သွင်းခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးများအကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်၌ မိုးရာသီ ကော်ဖီပျိုးပင် ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပ

**ကျုံပျော် အောက်တိုဘာ ၁၀**

ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲအခမ်းအနားကို ထော်ဦးကျေးရွာ၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများလက်ဝယ်သို့ ကော်ဖီပျိုးပင် ၈၇၀ ကို ပေးအပ်ခဲ့ပြီး တက်ရောက်လာသော တာဝန်ရှိသူများနှင့် တောင်သူများက တောင်သူဦးခင်စိုး၏ ဥယျာဉ်ခြံမြေ တစ်ဧကအတွင်းသို့ ကော်ဖီပျိုးပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၂ မှ*

တစ်ချိန်တည်းတွင် ခရီးသွားလုပ်ငန်းအနေဖြင့် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလုပရေးကဏ္ဍ၊ မြို့ပြနဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ စသည့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပေရာ တန်းတူညီမျှပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစုများကို စနစ်တကျ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တီထွင်ဖန်တီးမှုအခြေပြု စီးပွားရေးပုံစံတစ်ရပ်ကို ဖော်ဆောင်နိုင်မည်လည်း ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာခရီးသွားများအကြား အထင်လွဲမှားနေမှုများကို သတင်းမီဒီယာအစွမ်းဖြင့် လွှမ်းမိုးချေဖျက်ကာ မိမိနိုင်ငံ၏ ကောင်းမွန်သော ပုံရိပ်များကို တည်ဆောက်ပြသနိုင်ရပါမည်။ နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာဖြင့် မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် ကောင်းမွန်သောပုံရိပ်များကို မှန်ကန်၊ မြန်ဆန်စွာ အချိန်နှင့်တစ်ပြေးညီ မီးမောင်းထိုးပြသနိုင်ရပါမည်။

### တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြု

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် နိုင်ငံခြားခရီးသည်များကို ဆွဲဆောင်နိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းလာကြပြီဖြစ်ပါသည်။ ရှေးယခင်က ခရီးသည်ဝင်ရောက်လာမှုအပေါ် သာမန်မျှ သဘောထားခဲ့ကြသော်လည်း ယခုအခါ ခရီးသွားလုပ်ငန်းသည် တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုကို ကြီးမားစွာ အထောက်အကူပြုကြောင်း သိရှိလာကြပြီဖြစ်သည့်အလျောက် သဘာဝနေရာဒေသများ၊ သဘာဝဖြစ်ရပ်များ၊ ယဉ်ကျေးမှုနေရာဒေသများနှင့် ယဉ်ကျေးမှု ပွဲတော်များဟူ၍ ကဏ္ဍလေးမျိုးဖြင့် ဆွဲဆောင်နိုင်ရန် စီမံဆောင်ရွက်လာကြပြီဖြစ်ပါသည်။

ဖော်ပြပါကဏ္ဍလေးရပ်အနက် အားလုံးဖြစ်စေ၊ အခွင့်သာသည့်ကဏ္ဍ၌ဖြစ်စေ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံခြားသား ခရီးသွားများအပေါ် ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။ သတိပြုရန်အချက်မှာ ၂၀ ရာစုနှောင်းပိုင်းတွင် တောတောင် ရေမြေ၊ ရှုခင်းအလှများ၏ သဘာဝပသာဒများအပေါ် စိတ်ဝင်စားမှု ပိုမိုကျယ်ပြန့်လာခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်သဘာဝ တောတောင်ရေမြေအလှနှင့် ကျေးလက်ဒေသ၏ ပကတိရိုးရှင်းသော နေထိုင်ပြုမူဆက်ဆံခြင်းတို့အပေါ် အခြေတည်၍ ဆွဲဆောင်တတ်ရန် လိုအပ်လာပါသည်။ ထိုသို့သော လူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံ၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားခရီးသွားများ စုစည်းရရှိလာမည်ဖြစ်ပါသည်။

မြန်မာမှုနယ်ပယ်တွင် **"အိမ်သာမှဧည့်လာ"** ဟူသော ဆိုရိုးစကားရှိပါသည်။ ထိုဆိုရိုးတွင် ဆက်ဆံရေးကောင်းမွန်ခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ စိတ်ချမ်းမြေ့ခြင်းနှင့် စိတ်အနှောင့်အယှက်ကင်းခြင်း၊ ကြည်နူးဖွယ်ရှိခြင်း၊ သာယာလှပခြင်း၊ ဆွဲဆောင်မှုရှိခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ ယဉ်ကျေးပျူငှာခြင်းနှင့် လှိုက်လှဲဖော်ရွေခြင်း စသည့် အဓိပ္ပာယ်တို့ ပေါင်းစပ်ပါဝင်နေပါသည်။ အထူးသဖြင့် ဒေသအလိုက် အေးချမ်းသာယာမှုရှိစေရန် ကြိုးစားကြရမည်ဖြစ်ပါသည်။ ဒေသတည်ငြိမ်အေးချမ်းနေသမျှကာလပတ်လုံး နိုင်ငံခြားသားဧည့်သည်များ တိုးတက်လာရောက်လည်ပတ်ကြမည်ဖြစ်၍ ခရီးသွားခြင်းနှင့် တည်ငြိမ်အေးချမ်းမှုတို့သည်လည်း တိုက်ရိုက်အချိုးကျလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝမှာ အခြားသော စီးပွားရေးလုပ်ငန်းများနှင့်မတူဘဲ ထိလွယ်ရှလွယ်၊ အကဲဆတ်လွယ်ပြီး သိမ်မွေ့နက်နဲသော သဘောရှိပါသည်။ သဘာဝဘေးတို့ကြောင့် လည်းကောင်း၊ လူ့ပယောဂဖြစ်သည့် နိုင်ငံတွင်းအကြမ်းဖက်မှုများရှိနေပြီး မတည်မငြိမ်ဖြစ်နေလျှင် လည်းကောင်း၊ နိုင်ငံရေးပဋိပက္ခများရှိနေလျှင် လည်းကောင်း၊ ရောဂါဘယဘေး ကျရောက်လျှင် လည်းကောင်း၊ စစ်ပွဲများဖြစ်၍ လုံခြုံရေးစိုးရိမ်ရလျှင် လည်းကောင်း၊ ဒုစရိုက်မှုထူပြောပြီး တရားဥပဒေမစိုးမိုးလျှင် လည်းကောင်း ခရီးသွားဧည့်သည်လာရောက်မှု ကျဆင်းသွားတတ်ပါသည်။ ထိုသို့မဖြစ်ပေါ်စေရေးမှာ အစိုးရတစ်ရပ်၊ အဖွဲ့အစည်းတစ်ခု၏ တာဝန်မျှသာ မဟုတ်ဘဲ နိုင်ငံသားတစ်ဦးချင်းစီတိုင်းက နိုင်ငံကြီးသားပီသစွာ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ပါသည်။

### ပေါင်းစည်းညီညွတ်သော မေတ္တာဓာတ်ဖြင့် စွမ်းဆောင်

ခရီးသွားလုပ်ငန်းသည် အရင်းအနှီးနည်းနည်းဖြင့် နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်သည့်လုပ်ငန်းဖြစ်ရာ ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အထူးဂရုပြု၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယင်းအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှာ အခြေခံဖြစ်သော်လည်း တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ ရနိုင်သည်မဟုတ်ဘဲ အဖွဲ့အစည်းများအလိုက်၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းရင်းသားပြည်သူများအလိုက် ချစ်ခြင်းတရားကို အခြေခံ၍ ပေါင်းစည်းညီညွတ်သော မေတ္တာဓာတ်ဖြင့်သာ စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာလည်ပတ်နိုင်ရန်၊ ခရီးသွားများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာရရှိနိုင်အောင် စီစဉ်ပေးကြရပါမည်။ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းပံ့ပိုး၍ ကူညီဆောင်ရွက်သွားကြရပါမည်။ ပြည်တွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ဗီဇာထုတ်ပေးခြင်း၊ လူဝင်လူထွက်စစ်ဆေးခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လုံခြုံရေးကောင်းမွန်စေခြင်း၊ အမှတ်တရပစ္စည်း အမျိုးအစားစုံလင်ခြင်း၊ တည်းခိုနေထိုင်ရေး သက်သာချောင်ချိခြင်းနှင့် အဆင်ပြေညီညွတ်ခြင်း၊ အချိန်မရွေးသွားလာနိုင်ခြင်း စသည့်လိုအပ်ချက်များကို ပြည့်စုံသည်ထက် ပြည့်စုံအောင်၊ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်ကြရပါမည်။

သို့ဆိုလျှင် မိမိတို့နိုင်ငံ၏ ကောင်းသတင်းအဖုံဖုံမှာ ပွင့်ပန်းရာထောင် ရနံ့ဆောင်ဘိသို့ လေညာလေအောက်မကျန် ရှစ်ခွင်ရှစ်ရပ် လွှမ်းပတ်မွှေးပျံ့၍သာနေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ပြီး ခေတ်သမိုင်းအဆက်ဆက်ကို ဖြတ်သန်း၍ ကြံ့ကြံ့ခံနိုင်ရန်အတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များတွင် မိမိတို့နိုင်ငံသားအားလုံးအနေဖြင့် ကျရာအခန်းကဏ္ဍမှ "တစ်ချပ်အုတ်ခဲ တစ်ပွင့်သဲ" အဖြစ် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# အာမခံချက်ကောင်းမွန်သည့် ကမ်းလွန်စီမံကိန်းအသစ်များတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများရှိပြီး LNG တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၁၀**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ PTTEP International Limited ၏ အမှုဆောင်အရာရှိချုပ်နှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ်းလွန်စီမံကိန်းများနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

တွေ့ဆုံစဉ် PTTEP International Limited ၏ အမှုဆောင်အရာရှိချုပ် Mr. Montri Rawanchaikul က စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အထွက်နှုန်းကျဆင်းနေသော ကမ်းလွန်စီမံကိန်းများဖြစ်သည့် ရတနာနှင့် ဇောတိကစီမံကိန်းများမှ သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေး တွင်းအသစ်များတူးဖော်ဆောင်ရွက်သွားမည့်အခြေအနေနှင့် ကမ်းလွန်စီမံကိန်းအသစ်များဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် စာချုပ်များ အမြန်ဆုံးချုပ်ဆိုသွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဇောတိကစီမံကိန်းတွင် တူးဖော်နေသည့် တွင်းအသစ်များမှ သဘာဝဓာတ်ငွေ့များ ၂၀၂၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ မိမိတို့ ပြည်တွင်းလျှပ်စစ်ထုတ်လုပ်မှုတွင် အသုံးပြုရန် ရည်ရွယ်ဆောင်ရွက်နေသည့် စီမံကိန်းအသစ်ဖြစ်သည့် ကမ်းလွန်လုပ်ကွက်အောင်သိခ်စီမံကိန်းမှ ၂၀၂၈ ခုနှစ်တွင် ပထမဆုံးသဘာဝဓာတ်ငွေ့ စတင်ထုတ်ယူနိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် စာချုပ်များ အမြန်ဆုံးချုပ်ဆိုနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာမခံချက်ကောင်းမွန်သည့် ကမ်းလွန်စီမံကိန်းအသစ်များတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများ ရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကံပေါက်ဒေသမှတစ်ဆင့် ပြည်တွင်းနှင့် ထိုင်းနိုင်ငံသို့ LNG တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာန နှင့် PTTEP International Limited မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ဖျော်ဖြေတင်ဆက်ပြီး ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုလေ့လာကြသည်။

ဦးစွာ ဖျော်ဖြေရေးအဖွဲ့သည် ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသည်။ ထို့နောက် ကျောက်စိမ်းဘုရားအား ဖူးမြော်ပြီး ဗုဒ္ဓဝင်ပြတိုက်အတွင်း ပြသထားရှိမှုကို စိတ်ပါဝင်စားစွာ အသေးစိတ်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် အောင်မြေတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ပြီး မွေးနံထောင့်တွင် ရေသပ္ပာယ်ကြသည်။ ယင်းနောက် သာယာဝတီမင်းခေါင်းလောင်းတော်အား ကြည့်ရှုလေ့လာကြပြီး(အောက်ပုံ)နောက် အမှတ်တရပစ္စည်း အရောင်းဆိုင်တွင် အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။ (အောက်ယာပုံ)

ညနေပိုင်းတွင် ဘယ်လာရုစ် တေးဂီတအဖွဲ့၏ တတိယမြောက် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ RC Hall တွင် ကျင်းပရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေစန်းရီ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ရုရှားသံရုံးမှ တာဝန်ရှိသူပုဂ္ဂိုလ်များ၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy က မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms.Anzhelika Zaitseva တို့က ရုရှားနှင့် ဘယ်လာရုစ်တို့၏ ရိုးရာမေတ္တာအကြောင်း ဖွဲ့ဆိုထားသည့် တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ (၂၅)နှစ်ပြည့် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင် ပုဂံမြို့အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ ဘယ်လာရုစ်ရိုးရာ / ကာလပေါ် တေးသီချင်းများအပါအဝင် စုစုပေါင်း တေးသီချင်း ၁၇ ပုဒ်သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲပြီးဆုံးပြီးနောက် နိုင်ငံခြား ဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေစန်းရီက ကျေးဇူးတင်စကားပြောကြားပြီး ဘယ်လာရုစ် အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ခြင်း ပေးအပ်သည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ - ရုရှား- ဘယ်လာရုစ် သုံးနိုင်ငံဖျော်ဖြေပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ဘီးလင်းမြို့နယ်၌ စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ဘီးလင်း အောက်တိုဘာ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနသည် စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက SOLO စက်သုံးဆီဆိုင်၌ ပြုလုပ်ခဲ့သည်။

ဦးစွာဘီးလင်းမြို့နယ်မီးသတ် ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးက ဆီဆိုင်ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ် ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ဆီဆိုင်တာဝန်ခံ၊ ဆီဆိုင်ဝန်ထမ်းများနှင့်ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗောင်းပြည်နယ်ကမ်းလွန်၌ ၇ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်လှုပ်

**မနီလာ အောက်တိုဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗောင်းပြည်နယ်ကမ်းလွန်၌ ၇ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက လှုပ်ခဲ့ပြီးနောက် ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက မင်ဒနောင်းကျွန်းကမ်းခြေဒေသများအတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ယနေ့ (အောက်တိုဘာ ၁၀ ရက်) ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၃ မိနစ်တွင် မနေးမြို့ အရှေ့မြောက်ဘက် ၄၄ ကီလိုမီတာခန့် မြေအောက်အနက် ၂၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံ၏ ကနဦးသတင်းဖော်ပြချက်အရ ငလျင်၏ မဂ္ဂနီကျူသည် ၇ ဒသမ ၆ အဆင့်ရှိကြောင်း ဖော်ပြခဲ့သည်။

ကမ်းရိုးတန်းဒေသ၌ နေထိုင်သူများကို ကုန်းမြင့်ဒေသများသို့ ချက်ချင်းပြောင်းရွှေ့ရန်နှင့် ကမ်းခြေဒေသများမှ ဝေးရာတွင် နေထိုင်ကြရန် ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက လေးလေးနက်နက်အကြံပေးထားသည်။ ငလျင်ကြောင့် ၁ မီတာထက်ပိုသော အန္တရာယ်ရှိသည့် ဆူနာမီလှိုင်းလုံးများသည် ငလျင်ဗဟိုချက်အနီးရှိ နေရာများကို မိနစ်ပိုင်းမှ နာရီပိုင်းအတွင်း ရိုက်ခတ်နိုင်ကြောင်းလည်း သတိပေးထားသည်။

အာဖတာပိုင်များသည် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်မှုနှင့် ပင်လယ်ရေမျက်နှာပြင်ပြောင်းလဲမှုကို ဆက်လက်စောင့်ကြည့်နေချိန်တွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာဒေသများအနီးတွင် ငလျင်သတိပေးချက်များ ထုတ်ပြန်ထားသည်။

အင်အားပြင်းငလျင်ကြောင့် အဆောက်အအုံများ အက်ကွဲပြိုကျခဲ့သော်လည်း သေဆုံးသူသတင်း ဖော်ပြချက်များ မတွေ့ရသေးချေ။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးကွင်းတစ်လျှောက်တည်ရှိသည့် နိုင်ငံဖြစ်သောကြောင့် ငလျင်လှုပ်ခတ်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

ယခုငလျင်သည် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆီဗူးပြည်နယ်ရှိ ဘိုဂိုနှင့် အနီးအနားရှိ ကျေးလက်မြို့များတွင် အင်အား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ၁၀ ရက်အကြာတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဖြစ်သည်။ ၎င်းငလျင်လှုပ်ခတ်မှုတွင် အနည်းဆုံး လူ ၇၂ ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ရောက်ရှိနေသည့် နိုင်ငံခြားသားဦးရေ စံချိန်တင် ၃ ဒသမ ၉၅ သန်းအထိရှိလာ

**တိုကျို အောက်တိုဘာ ၁၀**

ဂျပန်နိုင်ငံ၌ အလုပ်သမားရှားပါးမှုပြဿနာ ဆိုးဆိုးရွားရွား ရင်ဆိုင်နေရရာ နိုင်ငံခြားမှ အလုပ်သမားဦးရေကို ပိုမိုလက်ခံလျက်ရှိသည့်အတွက် ဂျပန်နိုင်ငံ၌နေထိုင်နေသည့် နိုင်ငံခြားသားဦးရေ ၃ ဒသမ ၉၅ သန်းအထိ စံချိန်တင် ရောက်ရှိလာကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်သည့် အစိုးရအချက်အလက်များအရ သိရသည်။



လူဝင်မှုကြီးကြပ်ရေး အေဂျင်စီမှထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ဇွန်လကုန်အထိ ဂျပန်နိုင်ငံ၌ရောက်ရှိနေသည့် နိုင်ငံခြားသားဦးရေ ၃၉၅၆၆၁၉ ဦးရှိပြီး ၂၀၂၄ နှစ်ကုန်ပိုင်းကနှင့် နှိုင်းယှဉ်လျှင် ၅ ဒသမ ၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

နေထိုင်ခွင့် အဆင့်အတန်းအလိုက်ကြည့်သော် အမြဲတမ်းနေထိုင်သူအုပ်စုမှာ အကြီးဆုံးဖြစ်ပြီး ၉၃၂၀၉၀ ဖြစ်သည်။ ယင်းနောက်တွင် အင်ဂျင်နီယာများ၊ ဝန်ဆောင်မှု ကျွမ်းကျင်သူများ၊ ဘာသာစကား ကျွမ်းကျင်သူများ စသည်ဖြင့် ဗီဇာအဆင့်အမျိုးအစားအလိုက် ၄၅၈၁၀၉ ဦးရှိကာ ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။

လက်ရှိနှုန်းထား အတိုင်းဆက်သွားပါက ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံခြားသားနေထိုင်သူဦးရေမှာ ၄ ဒသမ ၁၅ သန်း ရှိလာမည်ဟု လူဝင်မှုကြီးကြပ်ရေးအေဂျင်စီက ပြောသည်။

၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ဂျပန်နိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသား အရေအတွက်မှာ ၂၁ ဒသမ ၃သန်းရှိပြီး ယခင်နှစ်ကထက် ၂၁ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

ဆင်ဟွာ

# အပစ်အခတ်ရပ်စဲပြီးနောက် ဂါဇာဒေသပြန်လည်တည်ဆောက်ရာတွင် ပါဝင်ကူညီရန် အင်ဒိုနီးရှား အသင့်ဖြစ်နေ

**ဂျကာတာ အောက်တိုဘာ ၁၀**

ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ရန် အသင့်ဖြစ်နေကြောင်း အင်ဒိုနီးရှားနိုင်ငံက ကြေညာခဲ့သည်။

အကြမ်းဖက်မှုများ အမြဲတမ်းအဆုံးသတ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ကျယ်ပြန့်စွာဝင်ရောက်ခွင့်ရရှိရေး တောင်းဆိုကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးအတွက် ကနဦးအဆင့် ၁ ကို ကြိုဆိုကြောင်းနှင့် တိုက်ပွဲများအမြဲတမ်းရပ်တန့်ရေးကို ကြိုဆိုကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

မကြာမီအချိန်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကျယ်ပြန့်စွာဝင်ရောက်ခွင့်ရရှိရေး မျှော်လင့်ကြောင်းနှင့် ဂါဇာဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အင်ဒိုနီးရှားနိုင်ငံသည် တက်ကြွစွာပါဝင်ရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဗီယက်နမ်က ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများ ပေးအပ်ရန် နိုင်ငံတကာအဖွဲ့အစည်းများကို တောင်းဆို

**ဟန်နွိုင်း အောက်တိုဘာ ၁၀**

ဗီယက်နမ်နိုင်ငံငံ မြောက်ပိုင်းနှင့် မြောက်အလယ်ပိုင်းတစ်ဝန်း တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပွားသဖြင့် သေဆုံးသူ ၁၅ ဦးနှင့် ရှစ်ဦးဒဏ်ရာရရှိကြောင်း ဗီယက်နမ်သဘာဝဘေးနှင့် တာတမံစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

နေအိမ်ပေါင်း ၂၂၅၀၀၀ ကျော် ရေကြီးနစ်မြုပ်ပြီး အခြားနေအိမ် ၁၅၀၀ မှာ ဆိုးရွားစွာပျက်စီးသွားခဲ့ကြောင်းနှင့် ဆန်စပါးနှင့် အခြားသီးနှံ ဟက်တာ ၂၄၀၀၀ ခန့် ရေမြုပ်သွားခဲ့ကြောင်း၊ ကြက်၊ ဘဲ၊ ကျွဲ၊ နွား၊ ဝက်စသည့် မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေ ၅၈၇၀၀၀ နီးပါး မျောပါသေဆုံးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံက ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအကူအညီများပေးအပ်ရန် နိုင်ငံတကာအဖွဲ့အစည်းများကို တောင်းဆိုခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက အောက်တိုဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန် ပထမကိုးလအတွင်း ၁၂ ဒသမ ၉ ရာခိုင်နှုန်း တိုးလာ

**ဖနောင်ပင် အောက်တိုဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမကိုးလအတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၃၉ ဘီလီယံခန့်တန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကုန်ပစ္စည်းတင်ပို့မှုပမာဏမှာ ပြီးခဲ့သည့်နှစ်ကာလတူက ၁၉ ဒသမ ၈၃ ဘီလီယံဒေါ်လာရှိရာမှ ၁၂ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်နှင့် ယစ်မျိုးခွန်ဦးစီးဌာနက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

အရှေ့တောင်အာရှ နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက အဓိကတင်ပို့သည့် ထိပ်တန်းငါးနိုင်ငံမှာ အမေရိကန်၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နှင့် ကနေဒါနိုင်ငံတို့ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဓိကတင်ပို့သည့် ကုန်ပစ္စည်းများမှာ အဝတ်အထည်၊ ရှူးဖိနပ်၊ အိတ်၊ ခရီးသွားပစ္စည်း၊ စက်ဘီး၊ ကားတာယာ၊ ဆန်စပါး၊ ရော်ဘာ၊ ပီလောပီနံ၊ သီဟိုဠ်စေ့၊ ငှက်ပျောသီးနှင့် သရက်သီးတို့ဖြစ်ကြောင်း သိရသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း စုစုပေါင်း သွင်းကုန် ၂၄ ဒသမ ၆၁ ဘီလီယံဒေါ်လာမှတ်တမ်းတင်ခဲ့ပြီး ယမန်နှစ်ကာလတူက ၂၁ ဒသမ ၁ ဘီလီယံဒေါ်လာရှိရာမှ ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ အဓိကတင်သွင်းသည့် ပစ္စည်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ အဝတ်အထည်အတွက် ကုန်ကြမ်းများ၊ ဖိနပ်၊ အိတ်၊ ခရီးသွားကုန်ပစ္စည်းများ၊ ယာဉ်များ၊ စက်ယန္တရားများ၊ အီလက်ထရွန်နစ် ပစ္စည်းများ၊ ဆေးဝါးထုတ်ကုန်များနှင့် စားသုံးကုန်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ရှမ်းပြည်နယ် ဝန်ကြီးချုပ် ကျောက်မဲမြို့ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

TNLA၊ DPLA နှင့် MDY –PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနှောင့်နှေးစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ နိမ့်ကျပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ကျောက်မဲခရိုင်အတွင်းရှိ ဂုတ်တွင်းတံတားအား မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက အလျားပေ ၁၅၀၊ အကျယ် ၁၈ ပေရှိ ယာယီသံပေါင်ဘေလီတံတားအသစ်ကို တည်ဆောက်၍ သွားလာမှုများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားအား ပြန်လည်ပြုပြင်မှု လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အဆိုပါတံတားပျက်စီးသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** တာဝန်ရှိသူများအား တံတားပြန်လည်ပြုပြင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် ဇော်မင်းလတ်တို့က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောက်မဲမြို့ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် ဇော်မင်းလတ်တို့က အမှာစကားများပြောကြားပြီး တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ကထောက်ပံ့သည့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေးထိုးနှံနေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများကို ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ကျောက်မဲမြို့ ကွန်ဖြူးရုပ် တရုတ်စာသင်ကျောင်း၌ ယာယီရုံးဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်သူများအား ပန်းခင်းစီမံချက်(၃) အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဦးစီးဌာနရှိ ပျက်စီးသွားသည့် ဧည့်ရိပ်သာသို့လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ပြည်သူများအား သွားရောက်ကြည့်ရှု၍ အာဟာရဖြည့်ပစ္စည်းများ ပေးအပ်သည်။ ပြည်နယ်(ပြန်/ဆက်)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ကျိုင်းတုံ) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း ၁၇ ကျောင်းတို့၌ မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့သော အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းများနှင့်အတူ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဘားအံ၊ ပုသိမ်) တို့တွင် ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းများဖြစ်သည့် ဧည့်ကြို၊ အိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းဆင်းပွဲများကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အလားတူ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲများကို လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ဆိုက်ခေါင်သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၄၈၇ ဦး တက်ရောက်ခဲ့ကြပြီး ဘဏ္ဍာနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၇၇၇၈ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှု ဆက်လက်လက်ခံ၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၇၅၆ ဦး ထပ်မံ ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၉၇၇ ဦး ကျောင်းတက်ရောက်လျက်ရှိကာ တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာ ရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာခြောက်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက်၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုအား ကြည့်ရှု



**ပျဉ်းမနား အောက်တိုဘာ ၁၀**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာပေးထားရာ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့်တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက်၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားစဉ်အတွင်း ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားမှု၊ ပုံစံ(၄)ဖြင့် ကန့်ကွက်မှု အခြေအနေများ၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းမှု အခြေအနေများကို မေးမြန်းပြီး ရပ်ကွက်နေပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရန် အသိပေးနှိုးဆော်ခြင်း လုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို စက်တင်ဘာ ၃၀ ရက်မှစတင် ကပ်ထားပေးခြင်းဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သုံးခွ အောက်တိုဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို သိုက်တူးကန်ကျေးရွာ ကွင်းအမှတ် ၈၄၈ A၊ ဦးပိုင်အမှတ် ၄၂ /၁ တောင်သူဦးမြင့်သောင်း၏ မိုးစပါးစံပြစိုက်ခင်း၌ အောက်တိုဘာ ၈ ရက်က ကျင်းပသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို တောင်သူဦးမြင့်သောင်း၏ လယ်ကေ၌ ရိတ်သိမ်းရာ မော်ဘီ( ၃) မိုးစပါးအထွက်နှုန်းမှာ စပါးအစိုထွက်နှုန်း တစ်ဧကလျှင် ထွက်နှုန်း ၁၁၅ တင်း၊ အခြောက်ထွက်နှုန်းတစ်ဧကတင်း ၁၁၀ ထွက်ရှိကြောင်း၊ သုံးခွမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၅၃၆၁၀ ရှိကြောင်း သိရသည်။

မိုးစပါးရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင်နိုင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) ၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးပိုင်စိုးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုချိုဦး က ပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အခွန်ထမ်းကုမ္ပဏီများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၁၂၆ ဦး တက်ရောက်ကြပြီး အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မတ္တရာမြို့နယ်၌ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**မတ္တရာ အောက်တိုဘာ ၁၀**
၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာကို မတ္တရာမြို့နယ် တောင်ပြုံးကြီး ကျေးရွာ၌ အောက်တိုဘာ ၉ ရက်က စိုက်ထူခဲ့သည်။

အဆိုပါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့" အသိပညာပေးမြေစိုက်ပိုစတာကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်သိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဒေါ်ဆုမြတ်မွန်ထူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာ/ရပ်ကွက်အုပ်စု ကော်မရှင်အဖွဲ့ဝင်များ တက်ရောက် ဖွင့်လှစ်စိုက်ထူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး



**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်း ကော့မှူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က ကွမ်းခြံကုန်းမြို့နယ် ကြက်ခြေနီအသင်းရုံး၌ ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးရာ အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၀**
"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၁ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မင်္ဂလာတောင်ညွန့် မူလတန်းကြိုကျောင်းနှင့် ကန်ရိပ်သာ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streamingထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း အောက်တိုဘာ ၁၂ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV – HD Channel တွင် အောက်တိုဘာ ၁၃ ရက် တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း


# “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” မြေစိုက်ပိုစတာကို အောက်တိုဘာ ၁၀ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာနေရာများ၌ စိုက်ထူထားကြောင်း သိရသည်။

ဓနုဖြူမြို့နယ်

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

မအူပင်မြို့

အောင်မြင့်မြတ်(ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်

မင်းမင်းထွေး(ပျော်ဘွယ်)

ဆိပ်ကြီးခနောင်တိုမြို့နယ်

ဝေယံ(ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ်

ခင်ဆွေနှင်း(ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ်

မြတ်မြတ်အေး(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကျောင်းကုန်းမြို့နယ်

ဝင်းကြိုင်(ပြန်/ဆက်)

ငါးသိုင်းချောင်းမြို့နယ်

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်

ကိုကျော်(ချောင်းဆုံ)

မြစ်သားမြို့နယ်

ဝါဝါမြင့်(မြစ်သား)

ကော့မှူးမြို့နယ်

ကျော်သူရ(ကော့မှူး)

အမရပူရမြို့

စိုးသီဟ(အမရပူရ)

ကျွန်းစုမြို့နယ်

မြင့်ဦး(မြိတ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

မြင့်မြင့်ရီ

ကွမ်းခြံကုန်းမြို့နယ်

ဆွေနွယ်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်

ဖုန်းကျော်ဇင်(ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ်

နန်းရွှေရတီ(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် မိုးကောင်းမြို့နယ် နမ္မတီးဒေသရှိ ယာယီတိမ်းရှောင်ပြည်သူများအား ဆန်ရိက္ခာ၊ ဆီနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက နမ္မတီးမြို့ မြို့တော်ခန်းမ၌ နမ္မတီးမြို့ပေါ်ရှိ ယာယီစခန်းများ၌ တိမ်းရှောင်လျက်ရှိသည့် ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထပ်တိုးအိမ်ထောင်စုများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က ထပ်မံရွှေ့ပြောင်းလာကြသော အိမ်ထောင်စု ၂၅၀ အတွက် ဆန်အိတ် ၂၅၀၊ ဆီပိဿာ ၂၅၀၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၄၀၀ နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် မြို့လှရပ်ကွက် ကြံခင်း KBC ယာယီနေရပ်စွန့်ခွာစခန်းတာဝန်ခံ ဦးဂွမ်ဂျာက စခန်းအသီးသီး၏ လိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စိန့်ထရေဇား RC စခန်းအတွက် ငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ကြံခင်း KBC ယာယီစခန်း၌ စခန်းတာဝန်ခံများ၊ စခန်းနေအိမ်ထောင်စုများနှင့်လည်းကောင်း၊ မြို့သာယာရပ်ကွက်အတွင်းရှိ စိန့်ထရေဇား RC နေရပ်စွန့်ခွာစခန်း၌ စခန်းနေမိသားစုများနှင့်လည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ထောက်ပံ့ ငွေကျပ် သိန်း ၅၀ စီပေးအပ်ကာ စားဖိုဆောင် အသီးအနှံစိုက်ခင်းများကို ကြည့်ရှုသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့သစ်ကလေးကျေးရွာအုပ်စု မြို့သစ်ကြီးကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိသားစုတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော တောင်သူ ဦးဖြူထွန်း၏ ဝက်မွေးမြူရေးခြံ၌ အသားတိုးဝက် ကောင်ရေ ၈၀ ကျော် မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ကျေးရွာအတွင်းရှိ တောင်သူများနှင့်လည်းကောင်း၊ မြတောင်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၄)၌ ကွင်းအတွင်းရှိ တောင်သူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ကုန်ထုတ်လမ်း၊ ချောင်းကူးတံတား၊ သွင်းအားစုလိုအပ်ချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တောင်သူ ဦးဆန်နိုင်၏ မိုးစပါးစိုက်လယ်ကွင်းအတွင်း စပါးပင်ယိုင်လဲမှု ကာကွယ်ရန် ပါထလိုဗျူထရာဇောဆေးပက်ဖျန်းခြင်းနှင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက်အချိုးကျပက်ဖျန်းခြင်း တောင်သူအသိပညာပေးကွင်းသရုပ်ပြသမှုနှင့် နမ္မတီးမြို့ မြို့ဦးရပ်ကွက်အတွင်းရှိဦးလဘူလ၏ ငါးကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အသက်မွေးဝမ်းကျောင်းပညာရပ်များကို လက်တွေ့အသုံးချပြီး ဘဝတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (လွိုင်ကော်)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ နည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသူများ အနေဖြင့် သင်ယူတတ်မြောက်လာသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လက်တွေ့အသုံးချပြီး မိမိတို့ဘဝတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားကာ သင်တန်း၌ထူးချွန်ဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်မှ သင်တန်းသူတစ်ဦးကို အပ်ချုပ်စက်နှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ပြီး သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းကို မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စက်ချုပ်ဘာသာရပ်အမျိုး ၂၀၊ လက်မှုပညာဘာသာရပ် ရှစ်မျိုး၊ မုန့်လုပ်နည်းဘာသာရပ် ငါးမျိုးကို သင်တန်းသူ ၂၀ အား သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တောင်ငူမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှု

**တောင်ငူ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၌ စတင်ကြေညာထားရာ ယနေ့တွင် ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှုကြသည်။

အဆိုပါ မဲဆန္ဒရှင်များစာရင်းကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးမည့်စာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် တောင်းဆိုရမည်ဖြစ်ကြောင်း၊ မိမိအမည်၊ မှတ်ပုံတင် အမှတ်၊ အဘအမည် စသည့် အချက်အလက်များကွဲလွဲနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ရမည်ဖြစ်ပြီး ၎င်းပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှ အခမဲ့ထုတ်ယူနိုင်ကြောင်း တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် ပန်းတောင်းမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှု ကြည့်ရှု

**ပန်းတောင်း အောက်တိုဘာ ၁၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ပထမအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ပန်းတောင်းမြို့နယ် ဆင်တဲအုပ်စု ဆင်တဲကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်




ရုံးတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်အဖြစ် ထုတ်ပြန်ကြေညာထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ လပြည့်လင်း(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ကိုယ့်တိုင်းဒေသကြီးကိုယ်စားပြု လာရောက်ယှဉ်ပြိုင်ရလို့ အလွန်ဂုဏ်ယူဝမ်းမြောက်ရပါတယ်၊ ဒီလိုပွဲတွေရှိလို့လည်း လူငယ်တွေရဲ့ အိပ်မက်တွေကိုအကောင်အထည်ဖော်ခွင့်ရတာကြောင့် အလွန်ပျော်ရွှင်မိပါတယ် ... မောင်ငယ်ဆုပြည့်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ အသီးသီးယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-


မသဒ္ဒါရွှေဖြူ


မောင်ဝင်းမင်းလှိုင်


မောင်ဝေလင်းထက်


မောင်ဟိန်းထက်အောင်


မကွေးတိုင်းဒေသကြီးကိုယ်စားပြု တောင်းဆုပန်ခြွေကျေးလက်မြေ အကအဖွဲ့အား တွေ့ရစဉ်။


မောင်ငယ်ဆုပြည့်


မောင်သက်ပိုင်အောင်


မမြင့်မြင့်အေး


မဆုပိုပိုကျော်

**မသဒ္ဒါရွှေဖြူ**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**စောင်းအတီးပြိုင်ပွဲ**
**အခြေခံပညာအဆင့်(၁၀-၁၅)**

စောင်းအတီးပညာရပ်ကို သမီးအသက် ၆-၇ နှစ်လောက်ကတည်းက စိတ်ဝင်စားစွာဖြင့် လေ့လာသင်ယူခဲ့ပါတယ်။ အခုခေတ်မှာ မြန်မာ့တူရိယာဖြစ်တဲ့ အတီးပညာရပ်မှာ စောင်းအတီး၊ ဆိုင်းအတီးပညာရပ်တွေကို လူတွေတော်တော်များများ စိတ်ဝင်စားပြီး ယှဉ်ပြိုင်လာကြတာများပါတယ်။ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ပြီး အားသွန်ခွန်စိုက် ကြိုးစားလေ့ကျင့်သင်ကြားခဲ့တဲ့အတွက် ရွှေတံဆိပ်ဆုရရှိမယ်လို့ မျှော်လင့်ထားပါတယ်။

**မောင်ဝင်းမင်းလှိုင်**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**စန္ဒရားအတီးပြိုင်ပွဲ**

ဒီဗဟိုအဆင့်ပြိုင်ပွဲ စန္ဒရားနဲ့ တယောဘာသာရပ်နှစ်ခု ယှဉ်ပြိုင်တာပါ။ မဲကျတဲ့သီချင်းက မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ (ကာလပေါ်)သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ်က တော်တော်လေးပြင်ဆင်လာခဲ့တော့ ယှဉ်ပြိုင်ခဲ့ရတာ အားရကျေနပ်ပါတယ်။ စန္ဒရားပညာရှင်ကြီး ဦးဝင်းမြင့်ဆီမှာ စန္ဒရားပညာကို တက္ကသိုလ်တက်စဉ်ကတည်းက လေ့လာဆည်းပူးခဲ့ပါတယ်။ ပြိုင်ဘက်တွေကလည်း ကောင်းလာသလို ကြိုးစားအားထုတ်မှုတွေလည်း မြင့်မားလာတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့တွေ မဟာဂီတတွေကို ဆက်ပြီး ပိုမိုလေ့လာဖြစ်မှာ ဖြစ်ပါတယ်။

**မောင်ဝေလင်းထက်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**ပတ္တလားပြိုင်ပွဲ**
**အခြေခံပညာအဆင့်(၁၅-၂၀)**

ဒီနှစ်က ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပတော့မယ်လို့ ကြားသိရကတည်းက လေ့ကျင့်သင်ကြားမှုတွေကို စတင်ခဲ့ပါတယ်။ အဖေဦးထက်မြတ်ဦးက ဆိုင်းဆရာတစ်ဦးဖြစ်တဲ့အတွက် ပတ္တလားပညာရပ်တွေကို ၁၀ နှစ်ကျော်လောက်ကတည်းက သိရှိသင်ကြားနေပါပြီ။ ပတ္တလားတီးတတ်ပြီဆိုပါက ဆိုင်းအတီးပညာရပ်ကိုလည်း သင်ယူတတ်ကျွမ်းလွယ်တယ်လို့ ကြားသိဖူးပါတယ်။ နိုင်ငံတော်လူကြီးတွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းပြီး အခုလိုပြိုင်ပွဲကြီးတွေကို စီစဉ်ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်မိပါတယ်။

**မောင်ဟိန်းထက်အောင်**
**ကယားပြည်နယ်ကိုယ်စားပြု**
**အဆိုပြိုင်ပွဲ**
**မဟာဂီတ(၁၅-၂၀)**

မဟာဂီတ (၁၅-၂၀) အဆင့်၊ စောင်းအတီးပြိုင်ပွဲ(၁၅-၂၀)အဆင့်နဲ့ မယ်ဒလင်(၁၀-၁၅)အဆင့် ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ စောင်းအတီး ပြိုင်ပွဲ (၁၅-၂၀)အဆင့်မှာတော့ "ပြောင်ပြောင်ပြောင် နာဂိန်(ကြိုး)"သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့လို့ အားရကျေနပ်မှုရှိပါတယ်။ နည်းပြဆရာသမားတွေနဲ့ တစ်နှစ်ပတ်လည်လုံး ပညာရပ်တွေကို လေ့လာသင်ယူခဲ့ပါတယ်။ အသက် ၁၁ နှစ်အရွယ်လောက်မှာ စောင်းတီးနေတာကို မြင်တွေ့ခဲ့ရတဲ့အတွက် စိတ်ဝင်စားပြီး အမေ့ဆီမှာ ခွင့်တောင်းပြီးတော့ စတင်လေ့လာသင်ယူခဲ့ပါတယ်။ (၂၃)ကြိမ်မြောက်မှာ ရွှေတံဆိပ်ဆု တစ်ဆု၊ (၂၄)ကြိမ်မြောက်မှာ ရွှေတံဆိပ်ဆု တစ်ဆုနဲ့ ငွေတံဆိပ်ဆု၊ (၂၅)ကြိမ်မြောက်မှာတော့ ရွှေတံဆိပ်ဆု တစ်ဆု ရရှိခဲ့ပါတယ်။ ဒီနှစ်ယှဉ်ပြိုင်မှုတွေမှာလည်း အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာ ဖြစ်တဲ့အတွက် ရွှေတံဆိပ်ဆုရရှိဖို့မျှော်မှန်းထားပါတယ်။ ကိုယ်တိုင်စိတ်ဝင်စားတဲ့အရာတွေကို လုပ်ဆောင်ရင်းနဲ့ အနုပညာ အမွေအနှစ်တွေကိုလည်း ထိန်းသိမ်းနိုင်မယ်လို့ ထင်မြင်မိပါတယ်။ ဒီလိုပြိုင်ပွဲကြီးကို စီစဉ်ကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကိုရော နောက်ကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးတဲ့ မိဘ၊ ဆရာသမားတွေ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

**ရခိုင်ပြည်နယ်ကိုယ်စားပြု**
**ရခိုင်ရိုးရာသျှိုင်ဒိုင်အကအဖွဲ့**
**အလွတ်တန်း တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအက**

သမီးတို့အဖွဲ့က ပထမဆုံးလာရောက် ယှဉ်ပြိုင်တာပါ။ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ တစ်လလောက်အချိန်ယူပြီး အများကြီး လေ့ကျင့်ခဲ့ပါတယ်။ သမီးတို့ရိုးရာအကကို အများသိခွင့်ရအောင် ကပြခဲ့ရလို့ အလွန်ဝမ်းသာပီတိဖြစ်ရသလို ရခိုင်ပြည်နယ်မှာ အခုလိုမျိုးလုပ်နိုင်တဲ့သူတွေ ရှိတယ်ဆိုတာကိုလည်း တင်ပြခွင့်ရခဲ့ပါတယ်။

**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**မန်းအညာမြေအကအဖွဲ့**
**အလွတ်တန်း တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအက**

သားတို့အဖွဲ့က အခုလို ကပြယှဉ်ပြိုင်ခွင့်ရလို့ ကျေနပ်သလိုပျော်ပါတယ်။ အချိန်တစ်လကျော်လောက် လေ့ကျင့်ခဲ့ပါတယ်။ တော်တော်လည်း ပင်ပန်းပါတယ်။ အကောင်းဆုံးလည်း ကြိုးစားခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ အဖွဲ့လိုက် ခရီးထွက်ရလို့၊ ကရလို့ပျော်ပါတယ်။ အခြားအဖွဲ့တွေရဲ့ ကြိုးစားမှုတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ တစ်နှစ်မှ တစ်ခေါက် ယှဉ်ပြိုင်ရလို့ အလွန်ပျော်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**မောင်စိုးမင်းသူနှင့်အဖွဲ့**
**အလွတ်တန်း တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအက**

ကျွန်တော်တို့အဖွဲ့ အနေနဲ့ ပြိုင်ပွဲဝင်ရတော့မယ်ဆိုတာသိပြီးကတည်းက ပြိုင်ပွဲဝင်မယ့်နေ့အထိ မဆုတ်မနစ်ဘဲ ကရမယ့် အကအပေါ်မှာ တစ်လလောက် အားသွန်ခွန်စိုက် အကောင်းဆုံး လေ့ကျင့်ထားပါတယ်။ အရင်က ကျောင်းကလွှတ်တဲ့ နိုင်ငံတော်အဆင့်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ငွေရတုမှာ ဂုဏ်ထူးဆောင်ဆု ရရှိခဲ့ပါတယ်။ ဒီနှစ်ယှဉ်ပြိုင်ရာမှာလည်း အားရကျေနပ်မှု ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းတဲ့ပွဲမှာ ပါဝင်ခွင့်ရလို့ အထူးဂုဏ်ယူပါတယ်။ ရိုးရာယဉ်ကျေးမှု ကွဲပြားမှုတွေကိုလည်း လေ့လာခွင့် ရရှိခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ကဏ္ဍလေးတွေကို များများလုပ်ဆောင်ပေးစေချင်ပါတယ်။

**မကွေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**တောင်းဆုပန်ခြွေကျေးလက်မြေအကအဖွဲ့**
**အလွတ်တန်း တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအက**

သမီးတို့အဖွဲ့က အရင်နှစ်တွေက ဖျော်ဖြေမှုတွေအနေနဲ့ လာဖူးပါတယ်။ ဒီနှစ်အတွက် အချိန်တစ်လကျော် လေ့ကျင့်ခဲ့ပါတယ်။ သမီးတို့အဖွဲ့က မကွေးပညာရေးဒီဂရီကောလိပ် ကျောင်းသားကျောင်းသူတွေ ဖြစ်ပါတယ်။ ကျောင်းသင်ရိုးထဲမှာပါတဲ့ ဂီတဘာသာရပ်တွေ၊ ဆိုကရေးတီး အတွေ့အကြုံတွေကို ကလေးတွေကို ပြန်လည်မျှဝေသွားမှာဖြစ်ပါတယ်။ မတူညီတဲ့ ယဉ်ကျေးမှုဓလေ့တွေကို လေ့လာခွင့်လည်း ရခဲ့ပါတယ်။ ဒီနှစ်က အလွန်ပျော်ဖို့ကောင်းပါတယ်။ ဘဝမှာ အမှတ်တရတွေလည်း ဖြစ်ပါတယ်။

**မောင်ငယ်ဆုပြည့်**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာ အဆို (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး)**

ကျွန်တော် သီဆိုယှဉ်ပြိုင်ရမယ့် သီချင်းကတော့ ကျွန်ုပ်တို့မြန်မာပြည် ဖြစ်ပါတယ်။ လေ့ကျင့်ရမယ့် သီချင်းတွေကို အကောင်းဆုံး လေ့ကျင့်ထားပါတယ်။ အခုမှ ပထမဆုံး လာရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့ သီချင်းတွေကို ဆက်လက်ဆိုသွားဦးမှာ ဖြစ်ပါတယ်။ ကိုယ့်တိုင်းဒေသကြီးကိုယ်စားပြု လာရောက်ယှဉ်ပြိုင်ရလို့ အလွန်ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ ဒီလိုပွဲတွေရှိလို့လည်း လူငယ်တွေရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်ရတာကြောင့် အလွန်ပျော်ရွှင်မိပါတယ်။

**မောင်သက်ပိုင်အောင်**
**ပဲခူးတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာ အဆို**
**(အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး)**

ဒီနှစ်က သုံးကြိမ်မြောက် ယှဉ်ပြိုင်တာပါ၊ အရင်နှစ်ကြိမ်မှာ ဆုရရှိခဲ့ခြင်း မရှိသေးပါဘူး။ ဒီနှစ်အတွက်တော့ အကောင်းဆုံး ပြင်ဆင်လာပါတယ်။ မဲကျတဲ့သီချင်းက ကျွန်တော့်အတွက် အပိုင်နိုင်ဆုံးထဲ ပါပါတယ်။ ဒီကိုလာပြိုင်ရတဲ့အတွက် အလွန်စိတ်လှုပ်ရှားရပါတယ်။ အခြားဗဟုသုတတွေလည်း ရပါတယ်။ ပုံမှန်ဆိုရင် မြန်မာ့ယဉ်ကျေးမှုဆိုတာတွေ့ရခဲတဲ့အတွက် ဒီပြိုင်ပွဲတွေကြောင့် ထိတွေ့ခွင့်ရလို့ အများကြီး အကျိုးကျေးဇူးရှိပါတယ်။ ယှဉ်ပြိုင်ရတဲ့ စိတ်လှုပ်ရှားမှုအပြင် အခြား အဆို၊ အက၊ အရေး၊ အတီး အများကြီး ကြည့်ရှုခွင့်၊ ခံစားခွင့်ရလို့ ပိုပြီးပျော်ရပါတယ်။ လူငယ်တိုင်းလည်း ဝင်ပြိုင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မမြင့်မြင့်အေး**
**ကချင်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအဆို (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး)**

အခု ပထမဆုံး လာရောက်ယှဉ်ပြိုင်တာပါ၊ တစ်လလောက်အချိန်ပေးပြီး လေ့ကျင့်ခဲ့ပါတယ်။ ကျောင်းပြီးရင်တော့ အဆိုပြိုင်ပွဲတွေကို ဆက်ပြိုင်သွားပါမယ်။ အခုပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ခဲ့လို့ ရလဒ်ကောင်းတွေ ရမယ်လို့ မျှော်လင့်ပါတယ်။

**မဆုပိုပိုကျော်**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာ အဆို (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး)**

ပထမဆုံး လာရောက်ယှဉ်ပြိုင်တာပါ။ သီချင်းလေးပုဒ်ကို အကောင်းဆုံး ပြင်ဆင်ခဲ့ပါတယ်။ ကျောင်းရဲ့ထောက်ပံ့မှုရယ်၊ အဖွဲ့အစည်းရဲ့ထောက်ပံ့မှုရယ် ပေါင်းပြီး ကြိုးစားခဲ့ပါတယ်။ တစ်လလောက်ပဲ အချိန်ရခဲ့ပါတယ်။ လာပြိုင်ရလို့ အလွန်ဝမ်းသာပါတယ်။ ငယ်ငယ်ကတည်းက ရူးသွပ်ခဲ့ရတာကြောင့် အခုလို တိုင်းကိုယ်စားပြု၊ ကျောင်းကိုယ်စားပြု ယှဉ်ပြိုင်ခွင့်ရလို့ အတိုင်းမသိ ဝမ်းသာရပါတယ်။

**သတင်းအဖွဲ့**



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်(၁၅) သင်တန်းဆင်းပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၀** နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များ အလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ နယ်မြေခံသင်တန်းကျောင်းတွင်ဖွင့်လှစ်လျက်ရှိသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဆုရရှိသည့် သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

(၁) သင်တန်းကာလ ပထမပိုင်းမှာတော့ အလွန်ပင်ပန်း ခက်ခဲလွန်းပါတယ်။ တစ်ပတ်ကြာတဲ့ အချိန်မှာ နေသားကျပြီးတော့ သင်တန်းနည်းပြတွေရဲ့ လေ့ကျင့်မှုတွေနဲ့အတူ အခက်အခဲတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး သင်တန်းကိုပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းမှာတော့ စံပြတပ်သားဆုကို ရရှိခဲ့ပါတယ်။ ဒီဆုကို ရရှိဖို့အတွက် နည်းပြတွေရဲ့ သင်ကြားပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာလေ့ကျင့်ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာရင်း တဖြည်းဖြည်းနဲ့ နည်းပြတွေ၊ သင်တန်းမှူးတွေရဲ့ လေ့ကျင့်ပေးမှုတွေကို ရရှိပြီး ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ဘာသာရပ်တွေကို မြေပြင်မှာ လက်တွေ့အသုံးချပြီး အမြဲတမ်းစစ်မှုထမ်းတွေဖြစ်တဲ့ ညီနောင်တွေနဲ့ အတူ



လက်တွေ့အသုံးချသွားမှာ ဖြစ်ပါတယ်။

(၂)ကျွန်တော်က ဒဂုံတက္ကသိုလ် ပထမနှစ် အဝေးသင်သမိုင်းမေဂျာနဲ့ တက်ရောက်နေတဲ့ သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ကိုယ့်သဘောစိတ်ဆန္ဒနဲ့ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်း သင်တန်းကိုလည်း ကျွန်တော် အလွန်တက်ချင်တဲ့ အတွက်ကြောင့် ကျွန်တော် ကိုယ်တိုင်လာရောက် ဆန္ဒပြုပြီးတော့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီမှာကျတော့ စည်းစနစ်ရှိတယ်။ စည်းကမ်းရှိတယ်။ နောက်ပြီး ကျွန်တော်တို့တွေ စစ်ပညာဆိုတဲ့ အတတ်ပညာကိုလည်း သင်ယူရတဲ့အချိန်အခါမှာ ကိုယ့်အတွက် အထူးအဆန်းအများကြီးဖြစ်တာပေါ့။ ဒီစစ်ပညာသင်ကြားပေးတဲ့အခါမှာလည်း ပင်ပန်းမှုတော့ နည်းနည်းရှိတာပေါ့။ ကျွန်တော်ကတော့ နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ တပ်မတော်နဲ့နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင်ကြိုးစားသွားပါ့မယ်လို့ ကျွန်တော်ဆုံးဖြတ်ချက်ချထားပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေပြီးရင် တပ်မတော်က ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားပါ့မယ်လို့ ကျွန်တော့်အနေနဲ့ စိတ်ဆုံးဖြတ်ချက်လည်း ချထားပါတယ်။ ဒီသင်တန်းကို နောက်ထပ် လာ



ရောက်မယ့် ညီအစ်ကိုတွေအကုန်လုံးကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့အတွက်ကြောင့် အကျိုးကျေးဇူးတွေလည်း အများကြီးရှိပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် ကျွန်တော်တို့ အပြင်မှာ နေထိုင်မှုလူနေမှုဘဝပုံစံအတိုင်း မဟုတ်ဘဲနဲ့ လူတစ်ယောက်က စည်းစနစ်ကျကျ စည်းကမ်းတကျနဲ့ နေထိုင်တတ်သွားမယ်။ ကိုယ်လုပ်ရမယ့် အလုပ်တာဝန်တစ်ခုကို တာဝန်ယူစိတ်၊ တာဝန်ရှိစိတ်အပြည့်နဲ့ လုပ်ဆောင်နိုင်မယ်။ ကိုယ်ပိုင်အသိကိုယ်ပိုင်ဆုံးဖြတ်ဉာဏ်နဲ့ စဉ်းစားနိုင်မယ်လို့လည်း ကျွန်တော်ခံယူထားပါတယ်။ **သတင်းစဉ်**



အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးက ထူးချွန်ဆုရ သင်တန်းသားများအား တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်စဉ်။

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၀**

လယ်ဝေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာပေးထားမှုများကို ယနေ့နံနက်က နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု အားပေးကြသည်။



**အသိပေးနှိုးဆော်ခြင်းဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အတူ အမှတ်(၄)ရပ်ကွက်၊ ကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာမှုကို ကြည့်ရှုကာ ရပ်ကွက်နေပြည်သူများ မဲစာရင်းလာရောက် ကြည့်ရှုရန် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် နောင်ဘိုကျေးရွာနှင့် သပြေပင်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုများကို ကြည့်ရှုအားပေးပြီး လာရောက်ကြည့်ရှုသည့် ကျေးရွာပြည်သူများအား တွေ့ဆုံကာ ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အခြားမိသားစုဝင်များပါ လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို OSS စနစ်ဖြင့် အမြန်ဆုံးကူညီဖြေရှင်းပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် သပြေပင် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများ ယုံကြည်အားကိုး အားထားရသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးရန် မှာကြားကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

---

❏ *ကျောဖုံးမှ*

၃၀၀၁၆၈ ဒသမ ၆၃ ဧက ကျယ်ဝန်းပြီး စုစုပေါင်း ဧရိယာ၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသများဖြစ်ကာ ကျန်ဧရိယာများတွင် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော နှစ်ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော တစ်ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၁၉ မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ တွားသွားသတ္တဝါ ၁၉ မျိုး၊ ကုန်းနေ ရေနေသတ္တဝါ ၁၁ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်းမျိုးစိတ် ၄၂ မျိုး၊ အပင်မျိုးစိတ် ၁၉၅ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော် ၇၃ မျိုး၊ အပင်မျော phytoplankton မျိုးစိတ် ၁၃၆ မျိုး၊ အကောင်မျော zoo-plankton မျိုးစိတ် ၁၅၀၊ ဒီရေတောအပင် မျိုးစိတ် ၆၃ မျိုး ရှင်သန်တည်ရှိနေသည့်အပြင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးရှိနေသည့် ရေဝက်၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော ဖျံ့ အမွေးနု၊ မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှောင် သတ္တဝါများ ရှင်သန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သန့်ရှင်းလှပသောကမ်းခြေများ၊ ပင်လယ်ရှုခင်းများ၊ ဒီရေတောအလှများ၊ သစ်တောအတွင်း လှည့်လည်လေ့လာနိုင်သော ရှုခင်းများ၊ ကနူးလှေစီး၍ လေ့လာနိုင်သော ဒီရေတောများ၊ ပင်လယ်လိပ်များဥချလေ့ရှိသည့် သောင်ပြင်များ၊ ရှားပါးငှက်များနှင့် ရေသတ္တဝါများ၊ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနေမှုကြောင့် နိုင်ငံခြားသားခရီးသွားများနှင့် ရေနေသတ္တဝါ၊ သစ်တောနှင့် ရှားပါးငှက် လေ့လာသူများ အထူးစိတ်ဝင်စားသော နေရာတစ်ခု ဖြစ်ကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-လန်းပိအဏ္ဏဝါအမျိုးသားဥယျာဉ်**

---

❂ *ကျောဖုံးမှ*

နိုင်ပွဲရရှိကာ တစ်ပွဲသရေနှင့် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပေ။

နယ်သာလန်အသင်းသည် အဆိုပါ ငါးပွဲတွင် အသင်းတိုက်စစ်က ရဂိုး ၁၈ ဂိုးအထိသွင်းယူကာ ခံစစ်က သုံးဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရသည်။ ပြိုင်ဘက် မော်လ်တာအသင်းက ခြောက်ပွဲကစားပြီးချိန်တွင် အသင်းတိုက်စစ်က တစ်ဂိုးသာ သွင်းယူထားနိုင်ပြီး ခံစစ်က ၁၆ ဂိုးအထိ ခွင့်ပြုပေးထားရသည်။ နယ်သာလန်အသင်းအတွက် သွင်းဂိုးများကို ဂတ်ပို၊ ရာဂျင်ဒါစ်နှင့် ဒီပိုင်းတို့ သွင်းပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဒိန်းမတ်က ဘယ်လာရုစ်ကို ခြောက်ဂိုး-ဂိုးမရှိ၊ စကော့တလန်က ဂရိကို သုံးဂိုး- တစ်ဂိုး၊ ဩစတြီးယားက ဆန်မာရီနိုကို ၁၀ ဂိုး-ဂိုးမရှိ၊ ဖာရိုးကျွန်းစုက မွန်တီနီဂရိုးကို လေးဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး ချက်ဇ်နှင့် ခရိုအေးရှားအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သလို ဆိုက်ပရပ်စ်နှင့် ဘော့စနီးယားအသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

---

❖ *ကျောဖုံးမှ*

သတင်းပေး တိုင်ကြားမှုများကြောင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် စက်မှုကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါသည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် တင်ပို့/တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၇၀ ဒသမ ၁၆၂ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၃၂၃၄ ဒသမ ၀၃၂ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---



ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၏ ညွှန်ကြားမှုဖြင့် ကေရာဇ်ကျေးရွာ နယ်မြေမီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်မြတ်စိုးနှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၀ ရက်က ကုန်စုံဆိုင်နှင့် စားသောက်ဆိုင်များရှိ မိဘပြည်သူများအား မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးစဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

---



# မြန်မာ - ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၅ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာပြပွဲခန်းမ၌ မြန်မာ – ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၅ ကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်ကွန်ဗင်းရှင်းစင်တာ ပြပွဲခန်းမ၌ ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗီယက်နမ်သံရုံးမှ စီးပွားရေး သံမှူးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ပြပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၁၂၀ ခန့်ဖြင့် ကုန်ပစ္စည်း အမှတ်တံဆိပ်ပေါင်း ၁၀၀ ကျော်ကို ပြသခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍကိုပါ တိုးချဲ့ပြသထားပြီး Travel Vietnam Pavilion (ဧရိယာ ၇၂ စတုရန်း မီတာ) တွင် မြန်မာနှင့် ဗီယက်နမ်မှ ခရီးသွားကုမ္ပဏီကြီး ရှစ်ခုမှ ခရီးသွားအစီအစဉ်များ၊ လေယာဉ်လက်မှတ်များနှင့် ခရီးသွားဝန်ဆောင်မှုများကို ပြသထားသည်။ မြန်မာ-ဗီယက်နမ် ကုန်စည်ပြပွဲတွင် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုနှင့် အိမ်သုံးမီးအားမြှင့်စက်များ၊ ကြွေထည်နှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ ဖိနပ်၊ အိုင်တီနည်းပညာများ၊ ဆိုလာ၊ အင်ဗာတာ၊ ဘက်ထရီ၊ ကော်ဖီ၊ ဖက်ရှင်အဝတ်အစားများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် လက်မှုအနုပညာပစ္စည်းများကို ပြသခဲ့သည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံး စီးပွားရေးဌာနတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “bond (Nyein Thu Phyo)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်နေ ချစ်သောင်အား ည ၈ နာရီ ၂၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

မိုင်းတုံမြို့၊ အထက (မိုင်းတုံ)ကျောင်း Grade-5 မှ မဂျူးဂျူးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းမြင့်သန်း ဖြစ်ပါကြောင်း။

**ဦးစန်းမြင့်သန်း**

## ပတ်စ်ပို့ပျောက်

ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ အိမ်အမှတ်(၁၆၅)နေ (ဘ)ဦးလှခိုင်၏သမီးဖြစ်သူ မအေးစုခိုင် ၆/ကသန(နိုင်)၀၈၇၀၆၀ ၏ ပတ်စ်ပို့နံပါတ် MC-102322 (28.3.2017)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-689473543**

## အမည်ပြောင်း

ဦးအောင်ကိုလတ်၏ သမီးဖြစ်သူ မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-2 မှ မအိဝီဝီကိုအား ယနေ့မှစ၍ မကြည်နူးဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကြည်နူးဟန်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၇) မြို့သစ်(၂)လမ်းနေ
ဦးသက်ဇင်ထူး - ဒေါ်ဇင်မာကြည် တို့၏သားကြီး
**မောင်သက်မင်းပိုင်** Final Year (English)
**Second Officer (F.G) Uniteam Marine Co., Ltd**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၁၂)နေ
(ဦးဂွမ်ဟိန်း)-ဒေါ်သန်းမေတို့၏သမီးထွေး
**မနှင်းဝတ်ရည်ဟိန်း** (ခေတ္တ - Australia)
**Bsc.Zoology**

တို့သည် ၂၉-၆-၂၀၂၅ ရက် (တနင်္ဂနွေနေ့)တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Yangon Bar & Restaurant ၌ နှစ်ဖက်မိဘဆွေမျိုးများခွင့်ပြုချက်ဖြင့် အသိမိတ်ဆွေများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**မောင်သက်မင်းပိုင်- မနှင်းဝတ်ရည်ဟိန်း**

## အများသိစေရန်ကြေညာခြင်း

ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(J)၊ အကွက်အမည် ပုလောအလယ်ပိုင်းကွင်း ဦးပိုင်အမှတ်(၃၇) ဧရိယာ ၀ ဒသမ ၁၉၅ ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဇော်ဇော်ဦး ဒေါ်ဌေးဌေးမြင့်တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုလောမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊နည်းဥပဒေ -၁ နှင့် ၅)**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅**

| | | |
|---|---|---|
| ဦးအောင်မင်းသူ | နှင့် | ဦးနေဝင်း |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဇမ္ဗူအေး(၁)လမ်း၊ အမှတ် (၈၂၇/က) နေ တရားပြိုင်ဦးနေဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်မင်းသူက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရ မည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့
## ခေတ်မီအဆင့်မြင့်သုမင်္ဂလာဈေး(ညံတောဈေး)၊ ပြင်ဦးလွင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ခေတ်မီအဆင့်မြင့် သုမင်္ဂလာဈေး (ညံတောဈေး)ရှိ ဆိုင်ခန်းများအား အမျိုးအစားအလိုက်၊ နေရာအလိုက် တင်ဒါစနစ်ဖြင့် ငှားရမ်းပေးရန် (၁၉-၉-၂၀၂၅) ရက်မှ (၁၀-၁၀-၂၀၂၅)ရက်အထိ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် တင်ဒါတင်သွင်းရန် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၂။ ဆိုင်ခန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အထပ်လိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ငှားရမ်းနိုင်ရေး တင်ဒါတင်သွင်းမည့်ရက်အား (၁၇-၁၀-၂၀၂၅) ရက် အချိန် (၀၉:၀၀)နာရီမှ (၁၇:၀၀)နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပြီး ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ထပ်မံတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်- ၀၉-၅၀၃၇၆၉၉ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဦးစီးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်နေ (ဘ) ဦးဘိုဆောင်နှင့် (မိ)ဒေါ်နုနုဝင်းတို့၏သား မောင်ဟန်မြင့်ဘို(၅/မရန(နိုင်)၂၉၉၉၀၂)သည် အမိ၊ အဖတို့၏ ဆိုဆုံးမစကားများအား နားထောင်ခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ (၅-၁၀-၂၀၂၅)ရက်တွင် ဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ မောင်ဟန်မြင့်ဘို နေအိမ်မှဆင်းသွားပြီးနောက် လုပ်ဆောင်သည့်ကိစ္စ အကြောင်းအရာ အလုံးစုံကို မိဘများအနေဖြင့် လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြသွေး(LL.B )**
**အထက်တန်းရှေ့နေ(စဉ်- ၅၆၀၃၆)**
**ဘူတာလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၂၀၁၃)၊ ဧရိယာ(၀.၀၅၅) ဧကအကျယ်ရှိ ဒေါ်ခင်ဌေးကြည်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ယွန်းမှီမှီ (၁၂/အလန(နိုင်)၀၄၆၁၆၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းခိုင် (၈/ပခက(နိုင်)၁၆၁၃၂၁)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LLB, D.B.L,D.I.P.L) (စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် (LLB,D.I.P.L) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ် (၁၂၅၁/က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ အကျယ်အဝန်း(၂၀ပေX၆၀ပေ)၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)မာန်ပြေရပ်ကွက်၊ မာန်ပြေ(၂၀)လမ်းအရှေ့၊ အိမ်အမှတ်(၃၉)ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးချမ်းမြေ့ဆွေ (၇/တငန(နိုင်)၁၆၂၆၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရန် (၁၂/သကတ(နိုင်)၁၀၈၁၂၅)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့်အိမ်အား သက်ဆိုင်ရာကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက-ဆပ်ကွင်းမှ ဒု-အလယ်တန်းပြဆရာမ နန့်ဖယ်ယာရီ ၁၄/ပသရ(နိုင်)၁၁၅၄၃၆ နှင့် နမ့်ဖယ်ယာရီသည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန့်ဖယ်ယာရီ(ခ)နမ့်ဖယ်ယာရီ**
**၁၄/ပသရ(နိုင်)၁၁၅၄၃၆**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက-ဆပ်ကွင်းမှ ဒု-မူလတန်းပြဆရာမ နန့်စီစီစိုး ၁၄/ပသရ(နိုင်)၀၈၃၅၂၈ နှင့် နမ့်စီစီစိုးသည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန့်စီစီစိုး(ခ)နမ့်စီစီစိုး**
**၁၄/ပသရ(နိုင်)၀၈၃၅၂၈**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက-ဆပ်ကွင်းမှ ဒု-မူလတန်းပြဆရာ ဦးသိန်းသန်းသက်ပိုင်ဦး ၁၄/ကကထ(နိုင်)၁၅၁၈၇၂နှင့် စသိန်းသန်းသက်ပိုင်ဦးသည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းသန်းသက်ပိုင်ဦး(ခ)**
**စသိန်းသန်းသက်ပိုင်ဦး**
**၁၄/ကကထ(နိုင်)၁၅၁၈၇၂**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက-ဆပ်ကွင်းမှ အငယ်တန်းစာရေး နမ့်သီတာစိုး ၁၄/ပသရ(နိုင်)၀၈၃၅၇၂ နှင့် နန့်သီတာစိုးသည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**နမ့်သီတာစိုး(ခ)နန့်သီတာစိုး**
**၁၄/ပသရ(နိုင်)၀၈၃၅၇၂**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၂)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ရခိုင်စု၊ ဦးပိုင်အမှတ် (၆၂-င)၊ ဧရိယာ(၀.၀၉၃)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်-ရခိုင်စုလမ်း၊ (ခ)အနောက်လားသော်-ဦးပိုင်အမှတ် (၆၄)၊ (ဂ) တောင်လားသော်-ဦးပိုင်အမှတ်(၆၂-ဃ)၊ (ဃ)မြောက်လားသော်-ဦးပိုင်အမှတ် (၆၁)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးလွင်အေး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၇)နေ ကျွန်ုပ်မိတ်ဖြစ်သူ ဒေါ်ချောစုအောင်(၉/အမဇ(နိုင်)၀၀၃၃၁၂)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ကွင်းအကွက်အမှတ်နှင့်အမည် ၂၉/စာရေးကုန်းရပ်၊ ဦးပိုင်အမှတ် (၉၀-ခ)၊ မြေယာအမှတ် (၇၆/၁၀၁-B)၊ မြေဧရိယာ(၀.၀၄၀)ဧကအကျယ်ရှိ ဂရန်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီးမီတာအပါအဝင် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့်/အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးဖန် (၉/မမန(နိုင်)၀၃၁၀၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက် ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ် ထားသည့်နေ့ရက် ကျော်လွန်သည့်တိုင်အောင် လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၃၀၇)**
**အမှတ်-၂၉၊ အလယ်စု (B)လမ်း၊**
**နောင်ခမ်းကြီး၊ ရပ်ကွက်ကြီး(၂၀)၊ ပြင်ဦးလွင်မြို့။ ဖုန်း-၀၉-၂၅၆၀၁၉၆၉၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၁၊ ရွှေပေါက်ကံ၊ ပုဂံလမ်း၊ မြေကွက်အမှတ်-၁၉၁၊ အလျား ၄၀ပေX အနံ ၆၀ ပေရှိ တက-အောင်စိန် (၁၀/သဖရ(နိုင်)၀၃၅၀၂၃) အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ် ၂ လုံး+မီးမီတာ+ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ညိုမြ(ဘ)ဦးကြွား (၉/ကပတ(နိုင်)၀၉၉၈၅၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အဆိုပါမြေကွက်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B, DBL, D.I.L, DML)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၃D)၊ အကွက်အမည် (ရွာဘဲတောင်အကွက်)၊ ဦးပိုင်အမှတ်(၂ᵉ)၊ မြေချိန်ဧရိယာ(၀.၀၄၆)ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဒေါ်လှလှအေး၊ ဒေါ်မြစန္ဒာထွန်းနှင့် ဒေါ်အိအိဖြိုးတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၃၀) ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၇၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးလှညွန့် ၁၀/မလမ(နိုင်)၁၄၃၇၁၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၅၇၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းစိုး ၁၀/ကမရ(နိုင်)၂၁၆၈၀၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၃၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်စိုး ၁၀/ကမရ(နိုင်)၂၁၃၃၇၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ မြရည်ပုလဲလမ်းရှိ အကွက်အမှတ်နှင့် အမည် (၄၈၊ အေးရိပ်ငြိမ်)၊ မြေကွက်အမှတ် (၁၆၆/၂၄၀)၊ ဧရိယာ (၀.၀၃၂) ဧက၊ မြေကွက်အမှတ်(၁၆၆)၊ ဧရိယာ (၀.၀၅၈)ဧကအကျယ်အဝန်းရှိသော မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန်းသန်းဝင်း (ဘ)ဦးမြသောင်း ၁၂/လမန(နိုင်)၁၁၀၉၉၅ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွှမ်းအောင်ထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၄၈)**
**အမှတ်(၂၈၈)၊ အောင်ရတနာလမ်း၊ ပုလုံးတုံတုံးကျေးရွာ၊**
**ကော့သောင်းမြို့၊ ဖုန်း-၀၉-၂၅၉၉၇၇၀၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၈၇၃၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနောင်နောင် ၁၀/မလမ(နိုင်)၂၇၇၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၆၁၀၂၉ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၀/ပမန(နိုင်)၀၄၄၆၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၃၁၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသက်ဖြိုး ၃/ဘအန(နိုင်)၂၇၆၄၈၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/54666, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လင်းထွဋ် ၇/ပတတ(နိုင်)၁၁၄၅၉၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/03063, Honda Wave 125, M/C အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းဆန်း ၁၄/မမန(နိုင်)၁၈၄၉၀၄ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၄၁၊ နည်းဥပဒေ -၁၄)
## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၁၀

ဦးစလိ(ခ)ဦးမြင့်ဦး နှင့်

၁။ ဦးစံဝင်း
၂။ ဒေါ်ယဉ်အေး
၃။ ဦးစံလှိုင်
၄။ ဦးသန်းနိုင်
၅။ ဒေါ်စောမူ
၆။ ဦးညီညီလွင်
၇။ ဦးငွေဝင်း
၈။ ဦးရှိန်လင်း(ခ)စိန်လင်း
၉။ ဦးဝင်းနိုင်
၁၀။ ဦးသိန်းဝင်း
၁၁။ ဦးကွမ်လှ
၁၂။ ဦးစံသိန်း
၁၃။ ဦးကျော်ထွန်း
၁၄။ ဦးတင်ထွန်း
၁၅။ ဦးဇော်ဇော်အောင်
၁၆။ ဦးသိန်းအေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်ဇော်အောင်)
၁၇။ ဦးအောင်မျိုး
၁၈။ ဦးမြင့်အုန်း
၁၉။ ဒေါ်စိုးမြတ်မွန်
၂၀။ ဦးတင်မိုးအောင်
၂၁။ ဒေါ်အေးမြ
၂၂။ ဒေါ်တင်ကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် မခိုင်ဇင်ထွေး)
၂၃။ ဦးတင်မောင်
၂၄။ ဦးစိန်မောင်
၂၅။ မလဲ့ဖြိုးဝေ
၂၆။ ဦးမောင်ညို
၂၇။ ဦးကျော်မိုး
၂၈။ ဦးဝင်းမောင်(ခ)အတွတ်

အယူခံတရားလို — အယူခံတရားပြိုင်များ

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ရက်နေ့စွဲပါ ကော့သောင်းခရိုင်တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၂၄/၂၀၂၂ ကို အယူခံမှု။

အယူခံတရားပြိုင် အမှတ်(၁) ဦးစံဝင်း၊ ပျဉ်းမလမ်း၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခု နေရပ်လိပ်စာမသိ)၊ အမှတ်(၂)ဒေါ်ယဉ်အေး၊ အမှတ်(၃) ဦးစံလှိုင် ၁၈ မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ၊ အမှတ်(၄)ဦးသန်းနိုင်၊ ဘန်းကချွန်ကျေးရွာ၊ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၅၊ ဒေါ်စောမူ ၁၈မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၆)ဦးညီညီလွင်၊ အောင်မေတ္တာရွာ၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့(ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၇)ဦးငွေဝင်း ခရေမြိုင်ကျေးရွာ၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့(ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၈)ဦးရှိန်လင်း(ခ) စိန်လင်း၊ အမှတ်(၉) ဦးဝင်းနိုင်၊ အမှတ်(၁၀) ဦးသိန်းဝင်း၊ ၁၈ မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၁၁) ဦးကွမ်လှ၊ အမှတ်(၁၂)ဦးစံသိန်း၊ အမှတ်(၁၃)ဦးကျော်ထွန်း၊ အမှတ်(၁၄) ဦးတင်ထွန်း၊ အမှတ်(၁၅) ဦးဇော်ဇော်အောင်၊ ၁၈ မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ၊ အမှတ်(၁၆)ဦးသိန်းအေး (၎င်း၏အခွင့်ရကိုယ်စားလှယ်၊ ဦးဇော်ဇော်အောင်၊ ၅၉၅ တပ်ရှေ့၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့(ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၁၇) ဦးအောင်မျိုး၊ အမှတ်(၁၈)ဦးမြင့်အုန်း၊ အမှတ်(၁၉)ဒေါ်စိုးမြတ်မွန်၊ အမှတ်(၂၀) ဦးတင်မိုးအောင်၊ အမှတ်(၂၁)ဒေါ်အေးမြ၊ ၁၈ မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့(ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၂၂) ဒေါ်တင်ကြည်(၎င်း၏အခွင့်ရကိုယ်စားလှယ် မခိုင်ဇင်ထွေး)၊ ခရေမြိုင်ကျေးရွာ၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၂၃)ဦးတင်မောင်၊ ဗန္ဓုလလမ်း၊ သီရိမြိုင် ရပ်ကွက်၊ ကော့သောင်းမြို့ (ယခု နေရပ်လိပ်စာမသိ)၊ အမှတ်(၂၄)ဦးစိန်မောင်၊ အမှတ်(၂၅) မလဲ့ဖြိုးဝေ၊ ၁၈ မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၂၆)ဦးမောင်ညို၊ ၅၉၅တပ်ရှေ့၊ ဘန်းကချွန် ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၂၇) ဦးကျော်မိုး၊ ၁၈မိုင်၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့ (ယခုနေရပ် လိပ်စာမသိ)၊ အမှတ်(၂၈) ဦးဝင်းမောင်(ခ)အတွတ်၊ မြရည်ပုလဲလမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

ယခုအမှုတွင် ကော့သောင်းခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်)တွင်ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာထွေး)
